အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်

အမေး၊ အဖြေများဆိုင်ရာရှင်းလင်းချက်
မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေးဆိုင်ရာဥပဒေ

နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်

icj
International
Commission
of Jurists

ကမ္ဘာ့ဒေသအားလုံးမှ အထင်ကရ တရားသူကြီးများနှင့် ရှေ့နေများ စုစုပေါင်း ၆၀ ဦးဖြင့်ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (ICJ) သည် တရားဥပဒေစိုးမိုးရေးမှတစ်ဆင့် ၎င်း၏ ထူးခြားသော ဥပဒေရေးရာကျွမ်းကျင်မှုကို အသုံးပြုပြီး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုစနစ်များကို ဖွံ့ဖြိုးခိုင်မာစေခြင်းဖြင့် လူ့အခွင့်အရေးများကို တိုးမြှင့် ကာကွယ်လျက်ရှိပါသည်။ ၁၉၅၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာ့တိုက်ကြီး ငါးတိုက်တို့တွင် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ICJ အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်အပါဝင် နိုင်ငံသား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကို သေချာစွာ အကောင်အထည်ဖော်ရန်၊ အာဏာခွဲဝေပိုင်းခြားကျင့်သုံးမှုကို အကာအကွယ်ပေးရန်နှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာအသက်မွေးဝမ်းကျောင်းမှုတို့၏ လွတ်လပ်မှုကို အာမခံချက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

ICJ သည် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံး စတင်ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု ခိုင်မာအောင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် အပါအဝင် ရှေ့နေများနှင့် တရားစီရင်ရေးတို့အား ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

® မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များနှင့် လူ့အခွင့်အရေးများကို ကာကွယ်ပေးရမည့် နိုင်ငံတော်၏ တာဝန်ဝတ္တရားများ

© အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်မှ ဖေဖော်ဝါရီ ၂၀၁၇ တွင် ထုတ်ဝေဖြန့်ချိသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်၏ ရေးသားထုတ်ဝေမှုများမှ ထုတ်နုတ်ဖော်ပြချက်များကို ဖြန့်ဝေမည်ဆိုပါက ထိုသို့ ပြုလုပ်မှုအတွက် အသိအမှတ်ပြုပေးရမည်ဖြစ်ပြီး ၎င်းထုတ်ဝေမှု မိတ္တူတစ်စုံကို ကျွန်ုပ်တို့၏ ရုံးချုပ် International Commission of Jurists P.O. Box 91 Rue des Bains 33 Geneva Switzerland သို့ ပေးပို့ရပါမည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်

အမေး၊ အဖြေများဆိုင်ရာရှင်းလင်းချက်
မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေးဆိုင်ရာဥပဒေ

နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်

မာတိကာ

မိတ်ဆက် 3

၁။ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် မည်သူက တာဝန်ရှိပါသလဲ။ 4

တပ်မတော်သည် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုအပေါ် မည်မျှ ဩဇာအာဏာရှိပါသလဲ။ 5

နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ တာဝန်များမှာ အဘယ်နည်း။ 6

မကြာသေးမီက တပ်မတော်၏ စစ်ဆင်ရေးများကို သမ္မတမှ အခွင့်အာဏာပေးခဲ့ပါသလား။ 8

၂။ ရခိုင်ပြည်နယ်သည် အရေးပေါ်အခြေအနေတစ်ခုအောက် ကျရောက်နေပါသလား။ 9

အရေးပေါ်အခြေအနေဟူသည် မည်သည့်ပုံစံမျိုး ဖြစ်လိမ့်မည်နည်း။ 9

၃။ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ၏ ပြုမူချက်ကို မည်သည့်စည်းမျဉ်းများက လွှမ်းမိုးထိန်း ကျောင်းပေးပါသလဲ 11

နိုင်ငံတကာ လူသားခြင်းစာနာမှုဥပဒေသည် အကျိုးသက်ရောက်မှု ရှိပါသလား။ 11

လုံခြုံရေးတပ်ဖွဲ့များမှ နယ်မြေ 'ရှင်းလင်းရေးစီမံချက်' အတွက် ဥပဒေရေးရာ အခြေခံတစ်ရပ်ရှိပါသလား။ 13

အင်အားအသုံးပြုမှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများသည် မည်သည်တို့နည်း။ 13

မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ခွင့်ပြုပေးသင့်ပါသလား။ 14

လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ ၌ ပုဂ္ဂလိက တစ်ဦးချင်းသည် ဥပဒေနှင့်အညီ ပါဝင်နိုင်ပါသလား။ 14

၄။ ARSA ၏ တိုက်ခိုက်မှုများကို ဥပဒေနှင့်အညီ ပြန်လည်တုံ့ပြန်နိုင်ရန် မည်သို့ ပြဌာန်းထားသနည်း။ 16

ARSA အား 'အကြမ်းဖက်အဖွဲ့' အဖြစ် သတ်မှတ်လိုက်ခြင်းအတွက် ဥပဒေရေးရာ
သတ်မှတ်ချက်များကား အဘယ်နည်း။ 16

၅။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေအနေသည် ပြည်တွင်း၊ သို့မဟုတ် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများ
ပါဝင်နေပါသလား။ အဆိုပါရာဇဝတ်မှုများ၏ အနက်ဖွင့်ဆိုချက်မှာ အဘယ်နည်း။ 17

လက်ရှိအခြေအနေသည် 'လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း' 'ethnic cleansing' ဖြစ်စေပါသလား။ 19

၆။ လူ့အခွင့်အရေးချိုးဖောက်ခြင်းကို တာဝန်ခံမှုအတွက် အဟန့်အတားများသည် မည်သည်တို့နည်း၊
မည်သို့ ကျော်လွှန်နိုင်မည်နည်း။ 20

လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ စွပ်စွဲချက်များအတွက် မြန်မာနိုင်ငံသည် စုံစမ်းစစ်ဆေးမှုများ
မည်သို့ ပြုခဲ့ပါသလဲ။ 21

နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင်
(Independent International Fact Finding Mission) ဟူသည် အဘယ်နည်း။ 22

မြန်မာနိုင်ငံသည် အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်းမှုပြုရန် စည်းနှောင်မှုရှိပါသလား။ 23

၇။ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ လိုက်နာရမည့်တာဝန်
ဝတ္တရားများကား အဘယ်နည်း။ 24

ဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ အခြားသောလိုက်နာရမည့် တာဝန်ဝတ္တရားများကား အဘယ်တို့နည်း။ 25

ဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လာရေးကို ထိန်းကျောင်းပေးသည့် မြန်မာနိုင်ငံ၏
လက်ရှိပြည်တွင်းနှင့် နှစ်နိုင်ငံဆိုင်ရာ ဥပဒေရေးရာမူဘောင်ကား အဘယ်နည်း။ 25

ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ အခြားတာဝန်ဝတ္တရားများကား အဘယ်သို့နည်း။ 27

ဒုက္ခသည်စခန်းများ၊ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးများအတွက် အစိုးရစီမံချက်များသည်
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ကိုးကားချက်အပါအဝင် ဒုက္ခသည်များနှင့်
အိုးအိမ်မဲ့ပုဂ္ဂိုလ်များအတွက် ၎င်း၏တာဝန်ဝတ္တရာများနှင့် လိုက်လျောညီထွေ ဖြစ်ပါသလား။ 27

၈။ ဒုက္ခသည်များနှင့်စပ်လျဉ်းပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံများ၏ တာဝန်များမှာ မည်သည်တို့ ဖြစ်မည်နည်း။ 29

ကိုးကားချက်များ 31

မိတ်ဆက်

၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၅ ရက်မှစ၍ မြန်မာ့တပ်မတော်မှ ဦးစီးကွပ်ကဲသည့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ၏ ရလဒ်တစ်ရပ်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ နေထိုင်သူပေါင်း ၆၀၀၀၀၀ ကျော်တို့သည် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ပြီးနောက် အာရကန်ကယ်တင်ရေးတပ် (ARSA) မှ ရဲစခန်းများကို တိုက်ခိုက်မှုများ ပြုခဲ့သည်။ ဤသို့သော ပြည်သူများ အစုလိုက်၊ အပြုံလိုက်လှုပ်ရှားမှုသည် မြန်မာနိုင်ငံမှ ယခင်တည်ရှိပြီး ရွှေ့ပြောင်းဒုက္ခသည် လူဦးရေကို ရခိုင်ပြည်နယ်နှင့် အိမ်နီးချင်းဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ပို၍တိုးများစေပြီး၊ ကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကိုသော်လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့များ၏ ကျယ်ပြန့်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ARSA နှင့် အစိုးရမဟုတ်သည့် ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုသော်လည်းကောင်း ဖြစ်ပွားစေပါသည်။ ရွှေ့ပြောင်းဒုက္ခသည်အများစုမှာ ရိုဟင်ဂျာမွတ်ဆလင်များဖြစ်ကြပြီး၊ ၎င်းတို့မှအများစုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကျော်ခဲ့ကြကာ ထောင်ပေါင်းများစွာသော သူများသည်လည်း မြန်မာနိုင်ငံတွင်း၌ပင် ရွှေပြောင်းဒုက္ခသည် ဖြစ်နေကြရပါသည်။

ယင်းအကြပ်အတည်းဆိုင်ရာ သတင်းထုတ်ပြန်ချက်များနှင့် အစီရင်ခံမှုများတွင် ဖြစ်ပျက်သည့်အခြေအနေကို အကဲဖြတ်သုံးသပ်ရန်နှင့် ဖော်ထုတ်မှုပြုရန် တရားဝင်အသုံးအနှုန်းနှင့် တရားဝင်မဟုတ်သည့် အသုံးအနှုန်းတို့အား အသုံးပြုထားလေသည်။ ဆက်လက်ဖော်ပြမည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်မှ အမေး၊ အဖြေဆိုင်ရာရှင်းလင်းမှတ်ချက်သည် အောက်ပါမေးခွန်းများကို လွှမ်းခြုံသည့် အချို့သောသက်ဆိုင်ရာပြည်တွင်း၊ နိုင်ငံတကာ ဥပဒေနှင့် စံချိန်စံညွှန်းများကို ရှင်းလင်းစေပါမည်။

၁။ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် မည်သူက တာဝန်ရှိပါသလဲ။ တပ်မတော်သည် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုအပေါ် မည်မျှသြဇာအာဏာ ရှိပါသလဲ။ နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ ဥပဒေဆိုင်ရာ တာဝန်များမှာ အဘယ်နည်း။ မကြာသေးမီက တပ်မတော်၏ စစ်ဆင်ရေးများကို သမ္မတမှ အခွင့်အာဏာ ပေးခဲ့ပါသလား။

၂။ ရခိုင်ပြည်နယ်သည် အရေးပေါ်အခြေအနေတစ်ခုအောက် ကျရောက်နေပါသလား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်သည် မည်သို့ဖြစ်ပါမည်နည်း။

၃။ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ၏ ပြုမူချက်ကို မည်သည့်စည်းမျဉ်းများက ထိန်းကျောင်းမှုပြုသလဲ။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေသည် အကျိုးသက်ရောက်မှု ရှိပါသလား။ နယ်မြေ 'ရှင်းလင်းရေးစီမံချက်' အတွက် ဥပဒေရေးရာ အခြေခံတစ်ရပ်ရှိပါသလား။ အင်အားအသုံးပြုမှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများသည် မည်သည်တို့နည်း။ မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ခွင့်ပြုပေးသင့်ပါသလား။ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ၌ ပုဂ္ဂလိက တစ်ဦးချင်းသည် ဥပဒေနှင့်အညီ ပါဝင်နိုင်ပါသလား။

၄။ ARSA ၏ တိုက်ခိုက်မှုများကို ဥပဒေနှင့်အညီ ပြန်လည်တုံ့ပြန်နိုင်ရန် မည်သို့ပြဋ္ဌာန်းထားသနည်း။ ARSA အား 'အကြမ်းဖက်များ' အဖြစ် သတ်မှတ်လိုက်ချင်းအတွက် ဥပဒေရေးရာ သတ်မှတ်ချက်များရှိပါသလား။

၅။ လက်ရှိ မျက်မှောက်အခြေအနေသည် ပြည်တွင်း၊ သို့မဟုတ် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများအဖြစ် ပါဝင်နေပါသလား။ အဆိုပါ ရာဇဝတ်မှုများ၏ အနက်ဖွင့်ဆိုချက်မှာ အဘယ်နည်း။ ယင်းအခြေအနေသည် 'လူမျိုးစု သုတ်သင်ရှင်းလင်းခြင်း' (ethnic cleansing) ဖြစ်နေပါသလား။

၆။ တာဝန်ခံမှုအတွက် အဟန့်အတားများသည် မည်သည်တို့နည်း၊ ၎င်းတို့အား မည်သို့ ကျော်လွှန်နိုင်မည်နည်း။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ တာဝန်အပ်နှင်းထားသော နိုင်ငံတကာ လွတ်လပ်သော အချက်အလက် ရှာဖွေရေးမစ်ရှင် (Independent International Fact Finding Mission) ၏ အခန်းကဏ္ဍကား အဘယ်နည်း။ မြန်မာနိုင်ငံသည် ၎င်းတို့နှင့်ပူးပေါင်းမှုပြုရန် လိုက်နာရမည့် တာဝန်ရှိပါသလား။

၇။ ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ လိုက်နာရမည့် တာဝန်ဝတ္တရားများကား အဘယ်တို့နည်း။ ဒုက္ခသည်များပြန်လာရေးကို ထိန်းကျောင်းပေးသည့် ဥပဒေရေးရာမူဘောင်များကား အဘယ်တို့နည်း။ ၎င်းတို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကိုးကားချက်အပါအဝင် - ဒုက္ခသည်စခန်းများ၊ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအမံများနှင့် လိုက်လျောညီထွေ ဖြစ်ပါသလား။

၈။ ဒုက္ခသည်များနှင့် စပ်လျဉ်းပြီးမြန်မာ့အိမ်နီးချင်းနိုင်ငံများ၏ တာဝန်များမှာ မည်သည်တို့ ဖြစ်မည်နည်း။

မှတ်ချက်။ ။ ဤရှင်းလင်းချက်မှတ်စုအား လွတ်လပ်သောဥပဒေသုတေသန၊ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များအပေါ် အခြေခံထားပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် အိမ်နီးချင်းဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အခြေအနေသည် နေ့စဉ်ဆိုသလို အဆင့်အဆင့် ပြောင်းလဲဖြစ်ပေါ်နေသည်။ ဤရှင်းလင်းချက်မှတ်စုတွင် ပါဝင်သည့် သတင်းအချက်အလက်များကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြင်ဆင်ခဲ့ပြီး အချို့သော အသေးကိစ္စများကို ပြန်လည်ပြင်ဆင်ထားပါသည်။ အောက်ပါသုံးသပ်ချက်များအား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်အထိ အများပြည်သူရရှိနိုင်သည့် သတင်းအချက်အများအပေါ် အခြေပြု၍ ရေးသားထားပါသည်။ ဤရှင်းလင်းချက်မှတ်စုအား ရေးဆွဲဖော်ဆောင်နေစဉ်အတွင်း အကြံပြုချက်များ၊ သတင်းအချက်အလက်များ မျှဝေပေးမှုကို ကူညီပေးသူများအပေါ် စာရေးသူများအနေဖြင့် ကျေးဇူးတင်ပါသည်။

၁။ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် မည်သူက တာဝန်ရှိပါသလဲ။

မြန်မာ့တပ်မတော်သည် နိုင်ငံ့တစ်ဝန်းရှိ ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် အလုံးစုံသော ညွှန်ကြားရေးတာဝန်နှင့် ကြီးကြပ်ရေးတာဝန် အပြည့်အဝရှိပါသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဦးဆောင်သည့် တပ်မတော်သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက ဆောင်ရွက်ခဲ့သော လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် တာဝန်ရှိသော အဓိက အင်စတီကျူးရှင်း ဖြစ်ပါသည်။

ဤစစ်ဆင်ရေးများကို တပ်မတော်၏ အနောက်ပိုင်းစစ်ဌာနချုပ်မှ ညွှန်ကြားမှုပေးပါသည်။ ယင်းစစ်ဌာနချုပ်ကို နေပြည်တော်ရှိ ကာကွယ်ရေးဌာန စစ်ဆင်ရေးအထူးအဖွဲ့မှကြီးကြပ်ပြီး၊ ကာကွယ်ရေးဦးစီးချုပ်ထံ သတင်းပေးပို့ရသည်။ ဗိုလ်ချုပ်မောင်မောင်စိုးသည် အနောက်ပိုင်းစစ်ဌာနချုပ်၏ အကြီးအကဲဖြစ်ကြောင်း အတည်ပြုထားပါသည်။ ယင်းဦးစီးကွပ်ကဲမှုအောက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ၎င်း၏နယ်ခြားစောင့်ရဲတပ်ဖွဲ့ (နယ်ခြားစောင့်တပ်များနှင့် မရှုပ်ထွေးစေချင်ပါ) တို့သည်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ မကြာသေးမီက စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ကြပါသည်။ ဤသည် မြန်မာနိုင်ငံ၌ အကြီးစား လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ ချမှတ်ရာတွင် ချမှတ်ထားပြီးဖြစ်သည့် ကျင့်သုံးမှုဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တပ်မတော်၏ ဦးစီးကွပ်ကဲမှုနှင့် ထိန်းချုပ်မှုအောက်၌ ရှိနေပြီး၊ မြန်မာ့ရာဇဝတ်ဥပဒေကို အခြေခံကာ ယာယီအရေးပေါ် အမိန့်ကို ထုတ်ဆင့်နိုင်သည် (အောက်တွင်ကြည့်ပါ)။

တပ်မတော်သည် နိုင်ငံအတွင်း၌ ဩဇာအာဏာအရှိဆုံး အင်စတီကျူးရှင်းဖြစ်နေပြီး၊ အရပ်သားအစိုးရ၏ ထိန်းချုပ်မှုနှင့် နိုင်ငံခြားရေးရာဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ်လည်းကောင်း၊ သမ္မတရုံး၏ ဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေသည့် ၎င်း၏ de-facto ခေါင်းဆောင် အောင်ဆန်းစုကြည်၏ ထိန်းချုပ်မှုအပြင်ဘက်တွင် ရှိနေလေသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲပြီးနောက် ၂၀၁၆ ခုနှစ်၊ မတ်လ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရအတွက် တပ်မတော်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မျှဝေခြင်းသည် အရေးကြီးပြီး ဆက်လက်တည်ရှိနေသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

တပ်မတော်သည် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုအပေါ် မည်မျှ ဩဇာအာဏာရှိပါသလဲ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အတွက် အရေးကြီးသောဩဇာအာဏာများ ဆင်မြန်းပေးထားပါသည်။ ၎င်း၏ ပုဒ်မ ၂၀(ခ)တွင် တပ်မတော်သည် အရပ်သားအုပ်ချုပ်ရေး အာဏာပိုင်များ၊ ဥပဒေပြုရေး၊ သို့မဟုတ် တရားစီရင်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုမပါဘဲ တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၁၀၉ (ခ) နှင့် ၁၄၁ (ခ) တို့၌ အမျိုးသားဥပဒေပြုရေးအဖွဲ့၏ လွှတ်တော်နှစ်ရပ်လုံးတွင် လွှတ်တော်ကိုယ်စားလှယ် နေရာ ၂၅ ရာခိုင်နှုန်းကို ခွဲဝေသတ်မှတ်ပေးထားပါသည်။ ယင်းလွှတ်တော်ကိုယ်စားလှယ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၄ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းပေးပြီး၊ ၂၀၁၀ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ၂၀၁၀ ပြည်သူ့လွှတ်တော်ရွေးကောက်ဥပဒေနှစ်ရပ်လုံးရှိ အပိုဒ် ၃၃ တွင် ဖော်ပြထားသည့်အတိုင်း ၎င်းတို့သည် ကာကွယ်ရေးဦးစီးချုပ်ထံ တာဝန်ရှိသောသူများ ဖြစ်ကြသည်။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၀၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဩဇာအာဏာရှိသော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတို့တွင် နေရာ ၁၁ ခုတွင် ၆ နေရာရယူထားခြင်းဖြင့် အများစုနေရာကို ရရှိထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒုတိယသမ္မတနှစ်ဦးမှ တစ်ဦးဖြစ်သူ ဒုတိယသမ္မတ ဗိုလ်ချုပ်ကြီး မြင့်ဆွေကို တပ်မတော်မှအဆိုပြုခဲ့ပြီး ခန့်အပ်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်ကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၆၀ (ခ) (၃) ပါ ပြဋ္ဌာန်းချက်အရ ပြုလုပ်ခဲ့သည်။

နိုင်ငံအများစု၌ ဖွဲ့စည်းသတ်မှတ်ပေးထားသည့် အရပ်သားအာဏာပိုင်များ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်မှုပြုရာတွင် တပ်မတော်သည် လွန်လွန်ကဲကဲ အဆုံးအဖြတ်ပေးနိုင်သော အခန်းကဏ္ဍကို ထိန်းသိမ်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၃ (ခ-၂)တွင် ကာကွယ်ရေးဦးစီးချုပ်အား အဓိကကျသော လုံခြုံရေးနှင့်စပ်လျဉ်းသည့် ဝန်ကြီးဌာနသုံးခုအတွက် ရာထူးမြင့်မားသော တပ်မတော် အမှုထမ်းများကို ခန့်အပ်ရန် အာဏာအပ်နှင်းထားသည်။ ယင်း ပြည်ထောင်စုအဆင့်ဝန်ကြီးများမှာ -

- နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်
- ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
- ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

အဆိုပါဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်ထားသည့် (အပိုဒ် ၂၃၄ ခ) ၎င်းတို့၏ ဒုဝန်ကြီးများသည် အစိုးရဝန်ကြီးအဖွဲ့တွင် အမှုထမ်းရန်အတွက် တပ်မတော်မှခွဲထွက်ရမည်ဟူ၍ မသတ်မှတ်ထားပါ (အပိုဒ် ၂၃၂)။ ထို့နည်းတူ ၎င်းသူတို့သည် ကြီးကြပ်ရေးနှင့် ဦးစီးကွပ်ကဲရေးသတ်မှတ်ချက်များ၌ ကာကွယ်ရေးဦးစီးချုပ်ထံသို့ တာဝန်ခံရပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) အပါအဝင် ဌာနလေးခုရှိပါသည်။ MPF သည် အဖွဲ့အစည်းဆိုင်ရာလွပ်လပ်မှုမှာ ကန့်သတ်မှုများရှိနေပြီး၊ ယေဘုယျအားဖြင့် တပ်မတော်အား လိုက်လျောမှုပေးရသည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဒေသများနှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်နေသည့် အချိန်များအတွင်းတွင် ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ပါဝင်ပါသည်။ ၎င်းဌာနသည် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများအားလုံးကို ထိထိရောက်ရောက် ထိန်းချုပ်ထားပါသည်။ ကျယ်ပြန့်သည့်အဖွဲ့အစည်းဖြစ်သော GAD သည် ကိုလိုနီခေတ်ပြဋ္ဌာန်းဥပဒေများရှိ ဗြိတိသျှအုပ်ချုပ်သူများနှင့် ရာဇဝတ်တရားသူကြီးများထံ ယခင်က အပ်နှင်းခဲ့သည့်အာဏာမှ အမွေဆက်ခံထားသည့် ကျယ်ပြန့်သော အုပ်ချုပ်ရေးဆိုင်ရာအာဏာကို ကျင့်သုံးထားပါသည်။ ယင်း ကိုလိုနီခေတ် ပြဋ္ဌာန်းဥပဒေများသည် မြန်မာနိုင်ငံဥပဒေရေးရာမူဘောင်တွင် အရေးပါသောအစိတ်အပိုင်းအဖြစ် ရှိနေဆဲဖြစ်သည်။ GAD သည် အခြားသော အစိုးရအဖွဲ့များ၏ လုံခြုံရေးကိုလည်း ပံ့ပိုးပေးပြီး၊ မြန်မာ့ရာဇဝတ်ဥပဒေမှ အရင်းခံသည့်အမိန့်များကို ထုတ်ဆင့်နိုင်ပါသည် (အောက်တွင်ကြည့်ပါ)။

ဤအုပ်ချုပ်ရေးအစီအမံများသည် အာဏာခွဲဝေကျင့်သုံးမှုဆိုင်ရာ အခြေခံသဘောတရားနှင့် လိုက်လျောညီထွေမှု မရှိသလို၊ အဆိုပါကိစ္စရပ်အား မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၁ အရ အသိအမှတ်ပြုထားသော်လည်း၊ အရပ်သားအာဏာပိုင်များထံ လုံခြုံရေးတပ်ဖွဲ့များမှ တာဝန်ခံမှုရှိရမည်ဟူသည့် တရားဥပဒေစိုးမိုးရေးအခြေခံမှုနှင့်လည်း

လိုက်လျောညီထွေမှု မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံ၏ ဥပဒေရေးရာ၊ အင်စတီကျူးရှင်းရေးရာ အစီအမံများအား တရားဥပဒေစိုးမိုးရေးမှ သဘောတရားများနှင့်အညီ လျော်ညီမှုရှိစေရန် လိုအပ်ပြီး၊ NLD ဦးဆောင်သည့် အစိုးရမှဖော်ပြထားသည့် ဦးစားပေးချက်လည်းဖြစ်ပါသည်။ သို့သော်လည်း တပ်မတော်သည် ထိုသို့သော ပြုပြင်ပြောင်းလဲမှုကို ပြင်းပြင်းထန်ထန် ခုခံထားပြီး၊ ပြုပြင်ပြောင်းလဲမှုအတွက် ထိထိရောက်ရောက်ကန့်ကွက်မှုပြုပါသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုကို ပိတ်ဆို့နိုင်စွမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၃၆ ၏ အကျိုးအဆက်ကြောင့် ဖြစ်သည်။ ယင်းပြဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဌာန်းချက်များအတွက် ပြင်ဆင်မှုပြုလိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု ဖော်ပြထားသည်။ ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းသည် ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်နှင့် ထိန်းချုပ်မှုအောက်တွင် ရှိနေသည်ကိုထောက်လျက် ထိုသို့သောပြောင်းလဲမှုများသည် တပ်မတော်၏ သဘောတူညီချက်မပါဘဲ မဖြစ်နိုင်ပါ။

နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ တာဝန်များမှာ အဘယ်နည်း။

မြန်မာနိုင်ငံသည် နိုင်ငံများအားလုံးကဲ့သို့ ၎င်း၏စီရင်ပိုင်ခွင့်အာဏာအတွင်းရှိ လူသားအားလုံး၏ လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ကာကွယ်ပေးရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံမှလိုက်နာရမည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားသည် ၁၉၄၅ ခုနှစ်၊ ကုလသမဂ္ဂ ပဋိညာဉ် စာချုပ်စာတမ်း၊ လူ့အခွင့် အရေးသဘောတူစာချုပ်များနှင့် အထွေထွေနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေတို့မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

တပ်မတော်၏ ကွပ်ကဲဦးစီးမှုအောက်ရှိ မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များသည် မြန်မာနိုင်ငံရှိအခြား နယ်နိမိတ်များကဲ့သို့ပင်၊ သို့မဟုတ် ၎င်း၏ စီရင်ပိုင်ခွင့်အာဏာအတွင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ တရားဝင်နိုင်ငံသားဖြစ်ခြင်း၊ သို့မဟုတ် နေထိုင်ခွင့်ရှိနှင့်သူဖြစ်ခြင်းတို့ကို မထောက်ရှုဘဲ လူသားအားလုံးတို့၏ လူ့အခွင့်အရေးကိုနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုမပြုဘဲ လေးစားလိုက်နာရန်နှင့် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။ ယင်းတာဝန်ဝတ္တရားသည် အရပ်သားအာဏာပိုင်များ အပါအဝင် အခြားသောနိုင်ငံတော်၏ ကိုယ်စားလှယ်များကိုလည်း နိုင်ငံတကာဥပဒေပါလိုက်နာရမည့် တာဝန်ဝတ္တရားများမှ ကင်းလွတ်ခွင့်မပေးပါ။

လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အရပ်သားအာဏာပိုင်၏ ဆောင်ရွက်နိုင်မှုသည် ဥပဒေရေးရာနှင့် လက်တွေ့ကျင့်သုံးမှုအရ ကန့်သတ်ချက်များရှိနေသည်ကို ထောက်ရှုလျက်နှင့်ပင် NLD ဦးဆောင်သည့် အရပ်သားအစိုးရအဖွဲ့သည် မြန်မာနိုင်ငံ၌ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက် ကာလအတွင်း လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ၎င်း၏သြဇာအာဏာအတွင်း အလုံးစုံဆောင်ရွက်ရန် သေချာစေရပါမည်။ နိုင်ငံတော်၏ တာဝန်ဝတ္တရားဆိုင်ရာ အခြေခံမှုများအရ အစိုးရအဖွဲ့အားလုံးတို့သည် နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်များအားဖြင့် စည်းနှောင်ခံရလျက်ရှိပြီး၊ ယင်းတာဝန်များကိုဆောင်ရွက်ရန် ပျက်ကွက်မှုတစ်ရပ်အတွက် အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများအနေဖြင့် ဆင်ခြေပေး၍မရပါ။

မြန်မာနိုင်ငံသည် အဓိကကျသော နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်လေးခုနှင့် လိုက်နာရန်ရွေးချယ်၍ရသော နောက်ဆက်တွဲစာချုပ်တစ်ခုသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ထားပြီးဖြစ်သည်။ ၎င်းတို့မှာ - အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CrC) နှင့် ၎င်းနှင့်ဆက်စပ်သည့် ကလေးသူငယ်များ အရောင်းအဝယ်လုပ်ခြင်း၊ ကလေးပြည့်တန်ဆာလုပ်ငန်းနှင့် ကလေးသူငယ်ဆိုင်ရာ ညစ်ညမ်းရုပ်သံ ဗီဒီယိုများဆိုင်ရာ လိုက်နာရန်ရွေးချယ်၍ရသော နောက်ဆက်တွဲ သဘောတူစာချုပ်၊ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD) နှင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ စ၍အကျိုးဝင်သည့် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) တို့ဖြစ်သည်။ ထိုနိုင်ငံတကာ သဘောတူစာချုပ်များသည် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို သေသေချာချာ ထည့်သွင်းထားသည့် အခွင့်အရေးများအပါအဝင်

နိုင်ငံတော်မှလိုက်နာရမည့် ရှင်းလင်းသော လိုက်နာရမည့်တာဝန်ဝတ္တရားများကို ဖန်တီးပေးထားပါသည်။ ဥပမာ - CEDAW ကော်မတီ၏ အထွေထွေ ထောက်ခံအကြံပြုချက်အမှတ် ၁၉ တွင် ကျားမ ဖြစ်တည်မှုအခြေပြုသည့် အကြမ်းဖက်မှုကို ဆန့်ကျင်လျက် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်အား CEDAW ၏ အပိုဒ် ၁ အရ နိုင်ငံတော်မှလိုက်နာရမည့် တာဝန်တစ်ရပ်အဖြစ် ရည်ညွှန်းထားပါသည်။ CRPD ၏ အပိုဒ် ၁၁ အရ လိုက်နာရမည့် အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများကို ဘေးဒုက္ခကျရောက်ချိန်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီ ရရှိရေးနှင့်တကွ ကာကွယ်ရေးနှင့် လုံခြုံရေးများစသည့် လိုအပ်သည့် အစီအမံများအားလုံးကို ရရှိအောင် သေချာစေရမည့် တာဝန်ဖြစ်ပါသည်။ နောက်ထပ် ဥပမာတစ်ခုဖော်ပြရသော် ICESCR ၏ အပိုဒ် ၁၁ အရ နိုင်ငံတော်သည် အခြားအခွင့်အရေးများရှိသည့်အနက် သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်တန်းဆိုင်ရာ အခွင့်အရေးကို လေးစားလိုက်နာပြီး ကာကွယ်ပေးရမည်ဖြစ်ရာ ၎င်းတွင် အစားအသောက်၊ အဝတ်အထည်၊ အိုးအိမ်နှင့်ရေ ရရှိပိုင်ခွင့်တို့ ပါဝင်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှု(Crime of Genocide) အား တားမြစ်ရေးနှင့် အပြစ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သို့ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လေသည်။ အပိုဒ် ၁ အရ နိုင်ငံတော်သည် ငြိမ်းချမ်းသည့် ကာလ၌ဖြစ်စေ၊ စစ်မက်ဖြစ်ပွားချိန်၌ဖြစ်စေ လူမျိုးတုန်းသတ်ဖြတ်မှု (genocide)ကို တားမြစ်ရန်နှင့် အပြစ်ပေးရန် ဆောင်ရွက်ရပါမည်။ အပိုဒ် ၃ တွင် (က) လူမျိုးတုန်းသတ်ဖြတ်မှု (genocide)၊ (ခ) လူမျိုးတုန်းသတ်ဖြတ်ရန် ပူးပေါင်းကြံစည်မှု (conspiracy to commit genocide)၊ (ဂ) လူမျိုးတုန်းသတ်ဖြတ် (genocide)ရန်အတွက် အများပြည်သူထံ တိုက်ရိုက်လှုံ့ဆော်မှုပြုခြင်း၊ (ဃ) လူမျိုးတုန်းသတ်ဖြတ်ရန် အားထုတ်မှု၊ (င) လူမျိုးတုန်းသတ်ဖြတ်မှု (genocide)တွင် ကြံရာပါအဖြစ် ပါဝင်နေခြင်း စသည်တို့အား အပြစ်ပေး၍ရသော ကျူးလွန်မှုများအဖြစ် ဖော်ထုတ်ထားသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (စစ်မက်ဆိုင်ရာဥပဒေများ - laws of war)နှင့် စပ်လျဉ်းနေသည့် ၁၉၄၉ ဂျီနီဗာသဘောတူစာချုပ်လေးခုသို့လည်း အဖွဲ့ဝင်ထားပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တို့ကဲ့သို့သော စာချုပ်များ၌ထင်ဟပ်နေသည့် အခွင့်အရေးအများအပြားတို့သည် အထွေထွေ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေတို့၏ အစိတ်အပိုင်းကို ဖွဲ့စည်းပေးပြီး၊ မြန်မာနိုင်ငံတွင်လည်း ကျင့်သုံးနိုင်ပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ လိုက်နာရမည့်တာဝန်ဝတ္တရားများနှင့် လိုက်လျောညီထွေမှု ရှိစေရန် မြန်မာနိုင်ငံအစိုးရသည် ၎င်း၏အဖွဲ့အစည်းများအားလုံး၌ နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာတာဝန်များအား ချိုးဖောက်မှုများကို ဖြစ်စေသည့်၊ ပေါ်ထွက်လာစေသည့် အပြုအမူများကို ရှောင်ဖယ်ရပါမည်။ အစိုးရပိုင်းဆိုင်ရာ အုပ်ချုပ်ရေးဦးစီးဌာနနှင့် တာဝန်ရှိအာဏာပိုင်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများအား လိုအပ်သူများထံ ချက်ချင်းရရှိစေရေး အပါအဝင် အသက်ရှင်သန်ခွင့်ကို ကာကွယ်စောင့်ရှောက်ရမည့် ဆောင်ရွက်ချက်များ ချမှတ်ရန် တာဝန်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှု၊ ကျူးလွန်မှု များဆိုင်ရာ ယုံကြည်၍ရသော စွပ်စွဲမှုများကိုလည်း လက်ခံသင့်ပြီး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၃၄/၂၂ မှ တာဝန်အပ်နှင်းထားသည့် နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့်အတူ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ချိုးဖောက်မှုကျူးလွန်သူများအား ဟန့်တားစေမည့် သင့်လျော်သော အစီအမံများကို ချမှတ်ကာ ၎င်းတို့အား တာဝန်ခံမှု ရှိစေသင့်ပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေအရ နိုင်ငံတော်အစိုးရမှ လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ကာကွယ်ပေးရန် လိုအပ်သောအင်စတီကျူးရှင်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများကို ဖွဲ့စည်းတည်ထောင်ပေးရန် စည်းနှောင်ထားပါသည်။ ထိုဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိလျက် ပြစ်ဒဏ်မှကင်းလွတ်နေခြင်းကို ဖြစ်စွမ်းစေမှု၊ ပံ့ပိုးမှုပေးသည့် ဥပဒေများအပါအဝင် အခွင့်အအရေးဆိုင်ရာ လိုက်နာရမည့်တာဝန်များနှင့် မဆီလျော်သော ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်း၊ သို့မဟုတ် ဖျက်သိမ်းခြင်း (အောက်တွင်ကြည့်ပါ) သော်လည်းကောင်း၊ တပ်မတော် အပါအဝင် ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာပုဂ္ဂိုလ်များမှ ဥပဒေကိုလေးစားလိုက်နာမှုရှိစေရန် တရားရုံးများကို အသုံး

ပြုခြင်းသော်လည်းကောင်း၊ အခွင့်အရေးချိုးဖောက်မှုများအတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အရေးယူမှုများကို အကျိုးသက်ရောက်မှု ရှိစေခြင်းသော်လည်းကောင်း၊ နိုင်ငံတော်၏ အဖွဲ့အစည်းများမှဖြစ်စေ၊ ARSA ကဲ့သို့သော အစိုးရမဟုတ်သည့် အဖွဲ့များမှဖြစ်စေ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်ခံရသူများအတွက် ထိရောက်သော ကုစားမှုများကို ရရှိစေခြင်းသော်လည်းကောင်း ပါဝင်သည်။

မကြာသေးမီက တပ်မတော်၏ စစ်ဆင်ရေးများကို သမ္မတမှ အခွင့်အာဏာပေးခဲ့ပါသလား။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် သမ္မတဦးထင်ကျော်၏ရုံးမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသများကို 'တပ်မတော်စစ်ဆင်ရေးနယ်မြေ' တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောရေးဆိုခွင့်ဖြစ်သူ ဇော်ဌေး၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ယင်းသတ်မှတ်ချက်သည် မောင်တောခရိုင်တစ်ခုလုံးကို လွှမ်းခြုံထားကြောင်း၊ တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တောင်းဆိုချက်ကို ချက်ခြင်းတုန့်ပြန်သည့်အနေဖြင့် ထုတ်ပြန်ခဲ့ကြောင်း ဦးဇော်ဌေးမှ ပြောကြားခဲ့ပါသည်။ ၎င်းသတ်မှတ်ချက်သည် ကာလမည်မျှကြာမြင့်စွာ အကျုံးဝင်မည်ဟူသည့် တိကျသော ရက်သတ်မှတ်ချက် မရှိကြောင်းလည်း ပြောကြားခဲ့ပါသည်။ သမ္မတ၏ သတ်မှတ်ချက်နှင့်စပ်လျဉ်းပြီး အာဏာပိုင်များသည် ရှင်းလင်းသော ဥပဒေရေးရာပြဋ္ဌာန်းချက်များကို ကိုးကားမှု မပြုခဲ့ပါ။

ဤသဘောသဘာဝရှိသည့် အရေးပေါ်အခြေအနေကာလတစ်ခုအတွင်း သမ္မတနှင့်ဆိုင်သော ညွှန်ကြားချက်တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၁ တွင် ပြဋ္ဌာန်းထားပါသည်။ သို့သော် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၎င်းကို ထုတ်ပြန်ကြေညာမှု မပြုခဲ့ပါ (အောက်တွင်ကြည့်ပါ)။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၁၃ (က)တွင် နိုင်ငံတော်သမ္မတသည် "နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် စစ်ရေးအရလိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားသည်။ NLD အစိုးရလက်အောက်၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား ဖွဲ့စည်းမထားသေးပါ။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာမှု လစ်ဟာနေခြင်း၊ တရားဝင်ဖြစ်သော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး လစ်ဟာနေခြင်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ 'တပ်မတော် စစ်ဆင်ရေးနယ်မြေများ'ဆိုင်ရာ သမ္မတ၏ သတ်မှတ်ချက်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံအား မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ သည် ချက်ခြင်းဆောင်ရွက်ရန်လိုအပ်သော အုပ်ချုပ်ရေးရာ ဆောင်ရွက်ချက်များအတွက် အမိန့်များကို လုပ်ထုံးလုပ်နည်းဆိုင်ရာ ကန့်သတ်ချက်များနှင့်အတူ သမ္မတမှ ထုတ်ပြန်ကြေညာရန် အာဏာပေးထားရာ ၎င်းတွင် ယင်းအမိန့်များအား လွှတ်တော်မှ သုံးသပ်ခွင့်လည်းပါဝင်သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်မှ အောက်တိုဘာလ ၃၁ ရက်ကြား ထုတ်ဝေသည့် Union Government Gazettes အပတ်စဉ်စာစောင်၏ သုံးသပ်မှုတွင် ယနေ့ထိတိုင် ဩဂုတ်လ ၂၅ ရက်နေ့၌ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တပ်မတော်စစ်ဆင်ရေးကို သမ္မတမှ ခွင့်ပြုချက်ပေးသည့် အမိန့်ချမှတ်မှုမရှိ၊ သို့မဟုတ် အခြားသောပြဋ္ဌာန်းချက်အား အများပြည်သူထံ ထုတ်ပြန်ကြေ ညာခြင်းမရှိကြောင်း ဖော်ပြထားပါသည် (၂၀၁၇ အောက်တိုဘာ ၂၇ ရက်မှစ၍၊ အနီးဆုံးထုတ်ဝေသည့် ဂေဇက်မှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ထုတ်ဝေမှုဖြစ်သည်)။

၂။ ရခိုင်ပြည်နယ်သည် အရေးပေါ်အခြေအနေတစ်ခုအောက် ကျရောက်နေပါသလား။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် တစ်စုံတစ်ရာကြေညာခဲ့ခြင်း အလျင်းမရှိသေးပါ။ သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ရုံးမှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ရာဇဝတ်ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၄၄ အရ ပြဋ္ဌာန်းထားသော ယာယီကာဖျူး (ညမထွက်ရအမိန့်)ကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၏ ဒေသအစိတ်အပိုင်းများတွင် ပြဋ္ဌာန်းခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ယင်း ကာဖျူးအမိန့်၊ သို့မဟုတ် ထိုပြဋ္ဌာန်းချက်အောက်၌ချမှတ်ထားသည့် အခြားဆောင်ရွက်မှု တစ်စုံတစ်ရာသည် အကျိုးသက်ရောက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၌ ဖြစ်ပျက်သည့် တိုက်ခိုက်မှု နောက်ဆက်တွဲအဖြစ် ၎င်းတို့သည် တိုးချဲ့လာမှု ရှိ၊ မရှိကိုသော်လည်းကောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်များမှ ရှင်းလင်းစွာ မသိရှိရပါ။ (၂၇ ရက်နေ့ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်တွင် မြန်မာဘာသာဖြင့် အစိုးရ၏ တရားဝင် Facebook Page တွင် ပုဒ်မ ၁၄၄ ကို ထပ်မံ တိုးချဲ့ထားကြောင်း ကြေညာချက်ကို ထုတ်ဖော်သော်လည်း နောက်ပိုင်းတွင် အဆိုပါပို့စ်ကို ဖယ်ရှားခဲ့သည်။)

ရာဇဝတ်ကျင့်ထုံးဥပဒေ၏ အခန်း ၁၁ ပါ ပုဒ်မ ၁၄၄ သည် အဓိကကျသော ပြဋ္ဌာန်းချက်တစ်ခု ဖြစ်ပြီး "အဆောတလျင်ဖြစ်သည့် စိတ်ငြိုငြင်စေမှု၊ သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည့်ဟု စိုးရိမ်ဖွယ်ရာရှိသည့် အမှုများတွင် ချမှတ်နိုင်သည့် ယာယီအမိန့်များ" ဟု ခေါင်းစဉ်ပေးထားပါသည်။ ရာဇဝတ်တရားသူကြီးသည် "တစ်ဦးတစ်ယောက်အား တစ်စုံတစ်ခုသောအမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြည်ရမည့်အကြောင်း၊ သို့မဟုတ် ထိုသူ၏ လက်ရှိ၊ သို့မဟုတ် ထိုသူ၏ စီမံခန့်ခွဲမှုအောက်ရှိ ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ စီမံပြုလုပ်ရမည့်အကြောင်းနှင့် ဆင့်ဆိုလျှင် တရားသဖြင့် လုပ်ကိုင်သူတစ်ဦးဦးအား တားဆီးနှောင့်ယှက်ထိခိုက်ခြင်း ဖြစ်သည့်အရာကိုဖြစ်စေ၊ ဟန့်တားနှောင့်ယှက်ခြင်းဖြစ်သည်ဟု စိုးရိမ်ရန်ရှိသည့် အရာကိုဖြစ်စေ၊ လူ့အသက်၊ ကျန်းမာမှု၊ သို့မဟုတ် လုံခြုံမှုကို ထိခိုက်အန္တရာယ် ဖြစ်စေမည့် လက္ခဏာရှိသည့်အရာကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကို နှောင့်ယှက်သည့်အရာကိုဖြစ်စေ၊ ရန်းရင်းဆန်ခတ်မှုကို ဖြစ်စေ၊ သတ်ပုတ်နှောင့်ယှက်မှုကိုဖြစ်စေ မဖြစ်ပွားစေရန် တားဆီးနိုင်သည့် လက္ခဏာရှိကြောင်း၊ သို့မဟုတ် ဟန့်တားစေနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ထင်မြင်သည့်အခါ အမိန့်ချမှတ်ဆင့်ဆိုနိုင်သည်"ဟု အဆိုပါပုဒ်မတွင် ပြဋ္ဌာန်းထားသည်။

ကိုလိုနီခေတ် ရာဇဝတ်ဥပဒေမှ လက်ဆင့်ကမ်းထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည့် ပုဒ်မ ၁၄၄ အရ တရားသူကြီး (ရာဇဝတ်တရားသူကြီး)၏ အာဏာများကို လက်တွေ့အားဖြင့် အုပ်ချုပ်ရေးအဖွဲ့မှ ရယူထားပြီး၊ ယခုလျင် ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းဖြစ်သည့် ခရိုင်အုပ်ချုပ်ရေးမှူး၊ သို့မဟုတ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ၎င်းတို့အား ကျင့်သုံးလျက်ရှိသည်။ ပုဒ်မ ၁၄၄ ၏ ကိုးကားချက်ဆိုင်ရာ ညွှန်ကြားချက်များသည် ၎င်းကိုယ်တိုင်ကျအနေဖြင့် အရေးပေါ်အခြေအနေတစ်ရပ်ကို မဖြစ်စေပါ။ သို့သော် ယခင်အချိန်က ယင်းညွှန်ကြားချက်များ အသုံးပြုမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ အရေးပေါ်အခြေအနေ ကြေညာမှုအတွက် ရှေ့ပြေးအဖြစ် ဆောင်ရွက်ပေးပါသည်။

အရေးပေါ်အခြေအနေဟူသည် မည်သည့်ပုံစံမျိုး ဖြစ်လိမ့်မည်နည်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၀ နှင့် အခန်း ၁၁ (ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ အကျုံးဝင်သည်) အား လိုက်နာမှုအနေဖြင့် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ သဘောတူညီချက် ရရှိခြင်းဖြင့်လည်းကောင်း တစ်စုံတစ်ရာသော နယ်မြေတစ်ခုအား ယာယီ အရေးအပေါ်အခြေအနေ တစ်ရပ်အောက်၌ ထားရှိရန် ကြေညာနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးပေါ်အခြေအနေသုံးခုကို မှန်းဆထားပါသည်။ ပထမအမျိုးအစားမှာ ပုဒ်မ ၄၀(က)နှင့် ၄၁၀ တို့တွင် ဖော်ပြထားပြီး၊ နယ်မြေဒေသတစ်စုံတစ်ရာရှိ ပို၍နိမ့်သော အစိုးရအဆင့်များမှ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အခွင့်အာဏာကို ယာယီအသုံးချဆောင်ရွက်ရန် အာဏာပေးထားသည်။ ဒုတိယအမျိုးအစားမှ

ပုဒ်မ ၄၀(ခ)၊ ၄၁၂ နှင့် ၄၁၃ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒီဂရီနှစ်ခုရှိသည်။ ပုဒ်မ ၄၁၃(က)အရ နိုင်ငံသားဝန်ထမ်းများသည် တစ်စုံတစ်ရာသော နယ်မြေဒေသတစ်ခု၌ ၎င်း၏ လုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်ထံမှ ယာယီပံ့ပိုးမှုတောင်းဆိုနိုင်သည်။ ပုဒ်မ ၄၁၃ (ခ)အရ တစ်စုံတစ်ရာသော နယ်မြေဒေသတစ်ခု၌ အမိန့်တစ်ခုထုတ်ပြန်ရန် သမ္မတဖြစ်သူမှ တပ်မတော်ထံသို့ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာများကို ယာယီလွှဲပြောင်းမှုပြုသည့် အမိန့်တစ်ခုကို ထုတ်ပြန်နိုင်သည်။ ပုဒ်မ ၄၁၇ ရှိ ပြဋ္ဌာန်းထားသည့် အရေးပေါ်အခြေအနေ တတိယအမျိုးအစားတွင် တပ်မတော်ထံသို့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာများကို နိုင်ငံတစ်ခုလုံး အတိုင်းအတာအဖြစ် တစ်နှစ်ကြာအချိန်ကာလအတွက် လွှဲပြောင်းပေးခြင်းပါဝင်သည်။ ဥပမာတစ်ခုချင်းစီတိုင်းတွင် အရေးပေါ်အခြေအနေကိုပြဋ္ဌာန်းရန် သမ္မတမှ ကြေညာချက်ထုတ်ရန် လိုအပ်ပါသည်။

၂၀၁၁ မှ ၂၀၁၆ အထိ သမ္မတဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သော အစိုးရအောက်၌ အရေးပေါ်အခြေအနေများကို အဖြစ်အပျက်သုံးခုအတွက် ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်တိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ် ၄၀(ခ) အရ 'ဒုတိယအမျိုးအစား' အရေးပေါ် အခြေအနေဖြစ်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် 'ပထမအမျိုးအစား' သို့မဟုတ်၊ 'ဒုတိယအမျိုးအစား' အရေးပေါ်အခြေအနေကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကြေညာခဲ့ဖူးခြင်းမရှိသေးပါ။ အနီးစပ်ဆုံးဖြစ်သည့် အရေးပေါ်အခြေအနေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကြေညာခဲ့ပြီး ပဋိပက္ခဖြစ်ပွားခဲ့သည့် ရှမ်းပြည်နယ် ကိုးကန့်ဒေသကို လွှမ်းခြုံခဲ့ပါသည်။

NLD ဦးဆောင်သည့်အစိုးရအောက်၌ ယနေ့ထိတိုင် နိုင်ငံ၏ မည်သည့်အစိတ်အပိုင်းဒေသတွင်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးပေါ်အခြေအနေကို ကြေညာခဲ့ခြင်းမရှိသေးဘဲ၊ NLD ဦးဆောင်သည့် အစိုးရအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့နှင့်လည်း တရားဝင်တွေ့ဆုံမှု မရှိခဲ့သေးပါ။ မြောက်ပိုင်းဒေသ၏ အစိတ်အပိုင်းများအပေါ် သမ္မတကို သတင်းပေးအကြောင်းကြားသည့် သတ်မှတ်ချက်သည် 'တပ်မတော်စစ်ဆင်ရေး' တစ်ရပ်သာဖြစ်ခဲ့ပြီး (အထက်တွင်ဆွေးနွေးခဲ့သည့်) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာချက် မဖြစ်ခဲ့ပါ။

ပုဒ်မ ၂၉၆၊ ၃၇၉၊ ၃၈၁၊ ၄၁၄ နှင့် ၄၂၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးသည် အရေးပေါ်အခြေအနေတစ်ရပ်အတွင်း ယာယီကန့်သတ်ရပ်ဆိုင်းထားရပါမည်။ နိုင်ငံတကာဥပဒေသည် နိုင်ငံ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုအချို့အား ကိုင်တွယ်ရန်လိုအပ်သည့် အချို့သော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု အပြည့်အဝပေးခြင်းမှ တစ်စိတ်တစ်ဒေသအား ယာယီရပ်သိမ်းခြင်းကို ခွင့်ပြုထားသည်။ သို့သော်လည်း အချို့သောလူ့အခွင့်အရေးကိစ္စရပ်များရှိ အသက်ရှင်သန်ပိုင်ခွင့်၊ ခွဲခြားဆက်ဆံမှုမှ လွတ်လပ်ခွင့်၊ မျှတသောတရားစီရင်မှုရရှိခွင့်၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားဆိုးယုတ်သောဆက်ဆံမှုများမှ လွတ်လပ်ခွင့်စသည့် အခွင့်အရေးများပါဝင်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း၊ သို့မဟုတ် သဘာဝဘေးအန္တရာယ်ကာလအတွင်းတွင် မည်သည့်အခါမျှ ရုပ်သိမ်းမှုမပြုရပါ။ ရုပ်သိမ်း၍မရသော အခွင့်အရေးများမှအပ ရုပ်သိမ်းမှုတစ်စုံတစ်ရာသည် လူမျိုးရေး၊ အသားရောင်၊ ကျားမဖြစ်တည်မှု၊ လိင်စိတ်တိမ်းညွှတ်မှု၊ သို့မဟုတ် လိင်ဝိသေသနကွဲပြားမှု၊ မသန်စွမ်းမှု၊ ဘာသာရေး၊ ဘာသာစကား၊ နိုင်ငံရေးနှင့် အခြားအယူအဆ၊ လူမျိုးရေး၊ သို့မဟုတ် တိုင်းရင်းသားဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု၊ သို့မဟုတ် အခြားအခြေအနေ စသည်တို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုး မဖြစ်စေရပါ။ တရားရုံး ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ သို့မဟုတ် အလားတူသော လုပ်ထုံးလုပ်နည်းများအားဖြင့် တစ်စုံတစ်ဦး၏ ထိန်းသိမ်းထားခံရမှုသည် တရားဥပဒေနှင့်အညီ ထိန်းသိမ်းခြင်းရှိ၊ မရှိအား စိန်ခေါ်နိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကန့်သတ်မှုများ၊ မြန်မာနိုင်ငံ၏ အရေးပေါ်အခြေအနေကဲ့သို့သော ခြွင်းချက်အခြေအနေများ၌ပင်လျှင် အမြဲတမ်း ရရှိစေရပါမည်။

၃။ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ၏ ပြုမူချက်ကို မည်သည့်စည်းမျဉ်းများက လွှမ်းမိုးထိန်း ကျောင်းပေးပါသလဲ။

လုံခြုံရေးတပ်ဖွဲ့များသည် စစ်ဆင်ရေးများကို ဆောင်ရွက်စဉ်အတွင်း၌ ကျင့်ဝတ်စည်းကမ်းနှင့် စည်းမျဉ်းများကိုလိုက်နာရန် မြန်မာ့တပ်မတော်နှင့် အရပ်သားခေါင်းဆောင်တို့မှ အခိုင်အမာ ထုတ်ဖော်ထားပါသည်။ ယင်းကျင့်ဝတ်စည်းကမ်းများနှင့်စည်းမျဉ်းများကို အများပြည်သူ သိရှိနိုင်မှုမရှိပေ။ တပ်မတော်နှင့်အစိုးရပြင်ပမှ ပုဂ္ဂိုလ်များအတွက် အဆိုပါ ကျင့်ဝတ်စည်းကမ်းများနှင့် စည်းမျဉ်းများကို လက်လှမ်းမီရန် ခက်ခဲပြီး၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်လည်း ဆန့်ကျင်ဘက် ဖြစ်နေသည်။

နိုင်ငံတော်သည် လူ့အသက်ကိုအန္တရာယ်ပြုနိုင်ချေ လျော့နည်းစေမည့် လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ စီမံခြင်းအပါအဝင် လူ့အသက်ကို ကာကွယ်ပေးရန်ရည်ရွယ်သည့် လိုအပ်သောဆောင်ရွက်ချက်များ အမြဲချမှတ်ရန် လိုအပ်ပါသည်။ ရဲတပ်ဖွဲ့၏အာဏာများကို တပ်မတော်အာဏာပိုင်များ၊ သို့မဟုတ် နိုင်ငံတော်၏ အခြားသော လုံခြုံရေး တပ်ဖွဲ့များမှ အသုံးချလျက်ရှိရာ၊ ထိုသို့သော တပ်မတော်၊ သို့မဟုတ် အခြားတပ်ဖွဲ့များသည် စစ်အင်အားအသုံးချမှုနှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာမှုကဲ့သို့သော ကိစ္စရပ်များဆိုင်ရာဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အာဏာပိုင်များအတွက် သက်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာရပါသည် (အောက်တွင်ကြည့်ပါ)။

လက်နက်ကိုင်ပဋိပက္ခဖြစ်သည့်အခါ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအား ပြင်းပြင်းထန်ထန်၊ စနစ်တကျ ချိုးဖောက်မှုများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေအား ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများဆိုင်ရာ တပ်မတော်၏ ရှည်လျားသောသမိုင်းကြောင်းအရ မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ၏ စည်းမျဉ်းပြဋ္ဌာန်းချက်များနှင့် ကျင့်ဝတ်စည်းကမ်းများသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအပေါ် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို လျော့နည်းစေရန် လက်တွေ့အားဖြင့် မဆောင်ရွက်နိုင်ဘဲ၊ ထိုချိုးဖောက်မှုများဖြစ်စေရန်ပင်လျှင် ပံ့ပိုးပေးခြင်း၊ သို့မဟုတ် ခွင့်ပြုပေးခြင်းတို့ပင် ဖြစ်နေပါသည်။ မကြာခဏဆိုသလို လုံခြုံရေးအမှုထမ်းများမှ ရာဇဝတ်မှုများကျူးလွန်ခြင်း၊ သို့မဟုတ် ပါဝင်ခြင်းတို့အတွက် အစဉ်သဖြင့် တာဝန်ခံမှုကင်းမဲ့နေပါသည်။

နိုင်ငံတကာ လူသားခြင်းစာနာမှုဥပဒေသည် အကျိုးသက်ရောက်မှု ရှိပါသလား။

နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ ('စစ်ပွဲဥပဒေ'၊ သို့မဟုတ် 'လက်နက်ကိုင်ပဋိပက္ခများ ဥပဒေ' ဟုလည်း ခေါ်ဝေါ်သည်) သည် နိုင်ငံတကာဥပဒေအရ လက်နက်ကိုင်ပဋိပက္ခဟု အသိအမှတ်ပြုထားသည့် အခြေအနေများနှင့်သာ အကျုံးဝင်သည်။ လက်နက်ကိုင်ပဋိပက္ခ တည်ရှိမှုသည် စံနှုန်းနှစ်ခုပြည့်မီမှု ရှိ၊ မရှိအပေါ် ဆုံးဖြတ်ပါသည်။ ပထမအချက်အရ ပဋိပက္ခသည် ပြင်းထန်မှုအတိုင်းအတာ၏ အနိမ့်ဆုံးအဆင့်ကိုရောက်ရှိကာ ရှည်ကြာသော တိုက်ခိုက်မှုကို ဖြစ်စေသည်။ ပဋိပက္ခအချိန်ကာလသည် ရေရှည်ဖြစ်ပျက်နေပြီး ရံဖန်ရံခါ တိုက်ခိုက်မှုများထက် ပို၍များလာသည်။ ဒုတိယအချက် အရ လက်နက်ကိုင်ပဋိပက္ခဟူသည် မည်သည့် လက်နက်ကိုင်အုပ်စုများဖြစ်ကြောင်း သတ်မှတ်၍ရသော အုပ်စုများနှင့် သို့မဟုတ် နိုင်ငံတော်၏တပ်ဖွဲ့များအကြားတည်ရှိသည့် ပဋိပက္ခဖြစ်ကာ အဆိုပါ အုပ်စုများအကြား တာဝန်ယူမှုနှင့် အသိအမှတ်ပြုခြင်းတို့ရှိသည့် အမိန့်ပေးခြင်းဆိုင်ရာ တည်ဆောက်ပုံနှင့် ဖွဲ့စည်းထားသည့်တပ်ဖွဲ့များဖြစ်ပြီး၊ တပ်မတော်စစ်ဆင်ရေးကို ရေရှည်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ရှိရပါမည်။ ယခုဖော် ပြပါစံနှုန်းများနှင့် ကိုက်ညီသော လက်နက်ကိုင် ပဋိပက္ခတစ်ခုကို ဖြစ်စေသည့်အခြေအနေ တစ်ရပ်ဖြစ်လာခဲ့လျှင် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်ယှဉ်လျက် အကျိုးသက်ရောက်မှုရှိသည်။ မျက်မှောက်ရှိ လက်နက်ကိုင်ပဋိပက္ခဖြစ်မှုတွင် နိုင်ငံတော်၏ လိုက်နာရမည့် နိုင်ငံတကာဥပဒေပါ တာဝန်ဝတ္တရားဖြစ်သည့် အသက်ရှင်သန်ပိုင်ခွင့်ကို ကာကွယ်ရန်နှင့် ဥပမာ လိုအပ်သည့်အခွင့်အရေးများကို ကာကွယ်ရမည့်အပြင် လူသားချင်းစာနာမှုကို လက်လှမ်းမီပိုင်ခွင့်ကို မပြောင်းမလဲ ခွင့်ပြုရမည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ဒေသများနှင့်မတူသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အများပြည်သူဆိုင်ရာမှရရှိသည့် အထောက်အထားများမှ ဤမှတ်စုတိုရေးသားနေသည့်အချိန်တွင် စာရေးသူအနေဖြင့် အကြံပြုသည်မှာ ယင်းဒေသရှိအကြမ်းဖက်မှုသည် နိုင်ငံတကာဥပဒေအရ လက်နက်ကိုင်ပဋိပက္ခတစ်ခုအဖြစ် ၎င်း

အခြေအနေကို သတ်မှတ်ရန်လိုအပ်သည့် စံနှုန်းမပြည့်မီပါ။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရန် တပ်မတော်တပ်ဖွဲ့များကို ခန့်အပ်ထားခြင်းသည် နိုင်ငံတကာဥပဒေ၏ အဓိပ္ပာယ်သတ်မှတ်ချက်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခတစ်ခုကို ကိုင်တွယ်ရန်ဆောင်ရွက်ချက်များဟု မဆိုလိုပါ။

အများပြည်သူရရှိနိုင်သော သက်သေခံအထောက်အထားများအပေါ် ဆန်းစစ်ချက်ကိုအခြေခံ၍ လက်နက်ကိုင်ပဋိပက္ခမရှိခြင်းတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေသည် အကျိုးသက်ရောက်မှုမရှိဘဲ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာတစ်စုံတစ်ရာအား ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုနှင့် နိုင်ငံတော်မှ လိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် အပြည့်အဝကိုက်ညီမှုရှိသည့် အခြားသော ဆောင်ရွက်ချက်များအားဖြင့်သာလျှင် ကိုင်တွယ်ပေးရန် သတ်မှတ်ထားပါသည်။ လက်နက်ကိုင်ပဋိပက္ခမရှိခြင်းတွင် နိုင်ငံတော်၏ လုံခြုံရေးဆောင်ရွက်ချက်များအား တပ်မတောင်စစ်ဆင်ရေးကို နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ (နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခဥပဒေ)နှင့် လွှမ်းမိုးသည်ထက် ရာဇဝတ်ဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများဖြင့်သာ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်သူများအား လွှမ်းမိုးရပါမည်။

အရေးကြီးသည်မှာ အခြေအနေသည် လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်လာလျှင်ပင် ကိုင်တွယ်နိုင်သည့် ခွင့်ပြုနိုင်ဖွယ်ရှိသည့် ရုပ်သိမ်းမှုတစ်စုံတစ်ရာကိုသာ အထောက်အထားပြုလျက်သာပင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေသည် ဆက်လက်အကျိုးဝင်မည်ဖြစ်သည်။ ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားဆိုးရွားသောဆက်ဆံမှုများကို တားမြစ်ချက်များကဲ့သို့သော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၏ အချို့သောအချက်များသည် အမြဲတမ်း ပြည့်ပြည့်ဝဝ အကျိုးသက်ရောက်မှုရှိပြီး (အထက်ဖော်ပြခဲ့သည့် အရေးပေါ်အခြေအနေများတွင်) လက်နက်ကိုင်ပဋိပက္ခ၌ပင်လျှင် ရုပ်သိမ်းခြင်း၊ သို့မဟုတ် ကန့်သတ်ခြင်းမပြုရပါ။ လက်နက်ကိုင်ပဋိပက္ခအခြေအနေတစ်ခု၌ တရားလက်လွတ် အသက်ဆုံးရှုံးမှုကိုဖြစ်စေသည့် အချက်များမှာ နိုင်ငံတကာလူသားချင်းစာနာမှု ဆိုင်ရာဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိအပေါ် မူတည်သော်လည်း အသက်ရှင်သန်ပိုင်ခွင့်သည် လက်နက်ကိုင် ပဋိပက္ခအခြေအနေများတွင် ဆက်လက် အကျုံးဝင်ပါလိမ့်မည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေအနေသည် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအကျိုး သက်ရောက်မှုကို ဖြစ်စေသည့် လက်နက်ကိုင်ပဋိပက္ခတစ်ခု ဖြစ်လာခဲ့လျှင်လည်း နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေတွင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေရှိ ကာကွယ်မှုနှင့် အလားသဏ္ဍာန် တူညီမှုများစွာပါဝင်ပါသည်။ ဥပမာ ဂျီနီဗာသဘောတူညီချက် ကွန်ဗင်းရှင်း၏ Common Article 3 တွင် "(၁) လက်နက်ကိုင်အဖွဲ့ဝင်ဖြစ်ပြီး လက်နက်ချသူများနှင့် စစ်ပွဲတွင် ဖျားနာခြင်း၊ ဒဏ်ရာ၊ ထိန်းသိမ်းခြင်း၊ သို့မဟုတ် အခြားအခြေအနေတစ်ခုခုကြောင့် ဒဏ်ရာရရှိသူများ အပါအဝင် တိုက်ခိုက်မှုများတွင် ပါဝင်မှုမရှိသည့် ပုဂ္ဂိုလ်များသည် အခြေအနေအရပ်ရပ်၌ လူမျိုးရေး၊ အသားရောင်၊ ဘာသာရေး၊ သို့မဟုတ် ယုံကြည်မှု၊ လိင်၊ မွေးဖွားမှု၊ သို့မဟုတ် ဥစ္စာဓနေ၊ သို့မဟုတ် အခြားစံနှုန်းများ တစ်စုံတစ်ရာအပေါ် အမှီပြုလျက် ခွဲခြားခြင်းမပြုဘဲ လူသားဆန်စွာ ဆက်ဆံရမည်။ ထိုမှစ၍ ဆက်လက်ဖော်ပြမည့် အချက်များသည် အထက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်းပြီး မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို တားမြစ်ထားရမည် -(က) လူ့အသက်နှင့် လူပုဂ္ဂိုလ်အပေါ် အကြမ်းဖက်မှု၊ အထူးသဖြင့် သတ်ဖြတ်မှုပုံစံအားလုံး၊ ကိုယ်အင်္ဂါဖြတ်တောက်မှု၊ ရက်စက်စွာ ဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု၊ (ခ) ဓားစာခံအဖြစ် ဖမ်းဆီးခြင်း၊ (ဂ) လူ့ဂုဏ်သိက္ခာအပေါ် မတားပြုခြင်း၊ အထူးသဖြင့် အရှက်ခွဲခြင်းနှင့် ဂုဏ်အသရေပျက်စေသည့် ဆက်ဆံမှု၊ (ဃ) ပြည်သူများမှ မရှိမဖြစ်သောအရာအဖြစ် သတ်မှတ်ထားသည့် တရားစီရင်ရေးရာ အာမခံချက်များကိုပေးသော တရားဝင်ဖွဲ့စည်းထားသည့် တရားရုံးမှ ယခင်က တရားစီရင်ထားမှု မရှိဘဲ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် သေဒဏ်ပေးခြင်း၊ (၂) ဒဏ်ရာရသူများ၊ ဖျားနာသူများကို စုဆောင်းပြီးပြုစုပေးရမည်။" နိုင်ငံတကာ လူသားချင်းစာနာမှု ဓလေ့ထုံးတမ်းဥပဒေအရ အခြားသော ကာကွယ်မှုများစွာသည်လည်း အကျုံးဝင်ပါသည်။

လုံခြုံရေးတပ်ဖွဲ့များမှ နယ်မြေ 'ရှင်းလင်းရေးစီမံချက်' အတွက် ဥပဒေရေးရာ အခြေခံတစ်ရပ်ရှိပါသလား။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ARSA ကို အစပြုတိုက်ခိုက်ခဲ့ခြင်းပြီးနောက် အစိုးရအာဏာပိုင်များသည် နေရာဒေသများစွာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများအား 'နယ်မြေရှင်းလင်းရေးစီမံချက်' ဆောင်ရွက်မည်ဟု အချိန်မီ ကြေညာခဲ့ပါသည်။ ယင်းအသုံးအနှုန်းအား ၂၀၁၇ ခုနှစ်အတွင်း ကချင်ပြည်နယ်ရှိ နယ်မြေများတွင်လည်း အသုံးပြုခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် နောက်ဆုံးအကြိမ် နယ်မြေရှင်းလင်းရေးစီမံချက်များအား နောက်ဆုံးအကြိမ် အာဏာပိုင်များမှ ကြေညာသည်မှာ မောင်တောမြို့နယ်တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ဖြစ်ပြီး ၎င်းအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် အစိုးရ၏ ပြန်ကြားရေးကော်မတီမှ အများပြည်သူဆိုင်ရာ ကြေညာချက်အားဖြင့် ဆောင်ရွက်ပါသည်။

လွှတ်တော်ရှိ တပ်မတော်ကိုယ်စားလှယ်များသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ၎င်းတို့၏ကိုယ်ပိုင် ဆုံးဖြတ်ချက်အရ တပ်မတော်အား နယ်မြေရှင်းလင်းရေးဆောင်ရွက်ချက်များ စတင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေမှ တပ်မတော်အား လုပ်ပိုင်ခွင့်ပေးပါသည်။ သို့သော် တပ်မတော်အရာရှိများနှင့် အခြားအစိုးရအာဏာပိုင်များသည် ယခင်က ရှင်းလင်းစွာ ပြဌာန်းထားသည့်ဥပဒေရှိ အသုံးအနှုန်းနှင့် ချိတ်ဆက်မှုမပြုခဲ့ပါ။ ယခင်အခြေအနေရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအရ ပေးထားသည့် ဥပဒေရေးရာအကာအကွယ်များကို လျစ်လျူရှုရန် တင်းမာမှုမရှိသော စည်းမျဉ်းချမှတ်မှုများအားဖြင့် လုံခြုံရေးတပ်ဖွဲ့အား လုပ်ပိုင်ခွင့်ပေးအပ်ရန် လက်တွေ့အားဖြင့် ၎င်းအသုံးအနှုန်းကို ကိုးကားခဲ့ပါသည်။

'နယ်မြေရှင်းလင်းရေးအစီအမံ'နှင့် 'တပ်မတော်စစ်ဆင်ရေးနယ်မြေ'ဟူသည့် အသုံးအနှုန်းများအပေါ် ထပ်ဆင့်ကြည့်ရသော် ၂၀၁၆ ခုနှစ် အနှောင်းပိုင်းတွင် မြန်မာ့အာဏာပိုင်များက 'ပူးတွဲစစ်ဆင်ရေး' ဟူသည့် အသုံးအနှုန်းကို တပ်မတော်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နယ်ခြားစောင့်တပ်တို့ ဆောင်ရွက်သည့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရည်ညွှန်းရန် အသုံးပြုခဲ့ပါသည်။ ပူးတွဲစစ်ဆင်ရေးဟူသည် တရားဥပဒေရေးရာအရ အကျုံးမဝင်ကြောင်း ထင်ဟပ်စေသည့် အသုံးအနှုန်း ဖြစ်နေပါသည်။

သို့သော်လည်း လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ သို့မဟုတ် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နေရာအားလုံးတွင် လုံခြုံရေးတပ်ဖွဲ့များအားဖြင့် စစ်အင်အားအသုံးချခြင်းသည် စစ်အင်အား တရားဝင်အသုံးချမှုဆိုင်ရာ ကာကွယ်မှုပြုထားသည့် ကန့်သတ်ချက်များနှင့်အတူ ကိုက်ညီမှုရှိရမည်ဖြစ်ပြီး လိုအပ်ချက်နှင့် အချိုးကျမှုတို့ဆိုင်ရာ အခြေခံသဘောတရားများနှင့်လည်း ကိုက်ညီမှုရှိရမည်ဟု သတ်မှတ်ထားပါသည်။ လုံခြုံရေးတပ်ဖွဲ့များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကာကွယ်မှုများကို လိုက်နာရန်နှင့် စစ်အင်အားအသုံးချမှုကို ထိန်းကျောင်းသည့် နိုင်ငံတကာ စံချိန်စံညွှန်းများကို လုံးလုံးလျားလျား လေးစားလိုက်နာရန် တာဝန်ရှိပါသည် (အောက်တွင်ကြည့်ပါ)။

အင်အားအသုံးပြုမှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများသည် မည်သည်တို့နည်း။

အန္တရာယ်ပေးနိုင်သော အင်အားအသုံးပြုခြင်းသည် အသက်ရှင်သန်ခြင်းကို ကာကွယ်ရန် မလိုအပ်ပါက အချိုးကျစွာ အင်အားအသုံးပြုခြင်းကို မည်သည့်အခါမျှ ထည့်သွင်းမစဉ်းစားနိုင်ပေ။ အသက်ရှင်သန်ပိုင်ခွင့်ကို ကာကွယ်ရန် ရည်ရွယ်ချက်အတွက် လုံးဝရှောင်လွှဲ၍မရသော အခြေအနေတွင်သာ ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ရသော အရာရှိများသည် လုံခြုံရေးတပ်ဖွဲ့များအားဖြင့် သေစေနိုင်သော အင်အားအသုံးပြုခြင်းက အသုံးပြုနိုင်ကြောင်း လက်နက်နှင့် အင်အားအသုံးပြုခြင်းဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများတွင် ပြဌာန်းထားပါသည်။ လူကို မသေစေနိုင်သော အင်အားနှင့်စပ်လျဉ်းပြီး ၎င်းကိုလည်း လုံးဝလိုအပ်မှုနှင့် အချိုးကျမှုအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး၊ ၎င်းအား မိမိကိုယ်ကို ကာကွယ်ခုခံရေး၊ သို့မဟုတ် အခြားသူများအပေါ် ကျရောက်အံ့ဆဲဆဲဖြစ်သော သေစေရန်ခြိမ်းခြောက်မှု၊ သို့မဟုတ် ဒဏ်ရာရဖွယ်ဖြစ်မှုမှ ကာကွယ်ပေးခြင်းဖြစ်ပြီး၊ အရေးကြီးခြိမ်းခြောက်မှုမှ အသက်အန္တရာယ်ခြိမ်းခြောက်မှု ပါဝင်သည့် ဆိုးရွားသော ပြုမှုချက်များကို တားမြစ်ရန်၊ သို့မဟုတ် အလွန်အမင်းဆိုးရွားသော အခြေအနေမဟုတ်လျှင် အသုံးမပြုနိုင်ကြောင်းနှင့် ဆိုလိုသည်မှာ ကန့်သတ်သည့် ရည်ရွယ်ချက်များအတွက်သာလျှင် အသုံးပြုနိုင်သည်။

၁၉၇၉ ခုနှစ် ဥပဒေအရပြဋ္ဌာန်းထားသော ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်သော အရာရှိများအတွက် ကုလသမဂ္ဂ၏ ကျင့်ဝတ်စည်းကမ်းတွင် ရဲဌာန၏အာဏာအား တပ်မတော်အာဏာပိုင်များ၊ သို့မဟုတ် နိုင်ငံတော်၏ လုံခြုံရေးတပ်ဖွဲ့များမှ အသုံးချသည့်အခါ ထိုသို့သော တပ်မတော်၊ သို့မဟုတ် အခြားတပ်ဖွဲ့များသည် အင်အားအသုံးချမှုနှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှုကဲ့သို့သော ကိစ္စရပ်များအပေါ် စပ်လျဉ်းသည့် ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်ရသော အရာရှိများသည် သက်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာရပါမည်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ရဲဌာနဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ကိုက်ညီသည့် စံချိန်စံညွှန်းများနှင့် စစ်ဆင်ရေးများဆောင်ရွက်များနှင့် ကိုက်ညီသည့် စံချိန်စံညွှန်းများအကြား ကွဲပြားမှုနှင့်စပ်လျဉ်းသည့် သင့်လျော်သော သင်တန်း မရရှိထားပါက ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်ရသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်မှုပြုရန် မဖြစ်နိုင်ပါ။ ဤထင်ရှားချက်ကို လက်တွေ့တွင် အသိအမှတ်ပြုပြီး အာဏာသက်ဝင်ပါသည်။ ဤနှင့် အခြားသော အကြောင်းရင်းများအတွက် တပ်မတော်သည် ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ဆောင်ချက်ကို ဆောင်ရွက်နိုင်သည့် သင့်လျော်သော အင်စတီကျူးရှင်းမဟုတ်ပါ။

မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ခွင့်ပြုပေးသင့်ပါသလား။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်များအကြား မကြာသေးမီက လူသေစေနိုင်သော မြေမြှုပ်မိုင်းများအား ဒဏ်ရာရရှိစေရန်၊ သို့မဟုတ် သေစေရန်အတွက် မြှုပ်နှံထားကြောင်း အစီရင်ခံချက်များရှိပါသည်။ ထိုမြေမြှုပ်မိုင်းများကို မြန်မာ့လုံခြုံရေးတပ်ဖွဲ့များက ထောင်ထားကြောင်း စွပ်စွဲထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများအား ဒဏ်ရာ၊ သို့မဟုတ် အသက်အန္တရာယ်သင့်စေကြောင်း သတင်းရရှိထားပါသည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များမှ မြန်မာနိုင်ငံအား နယ်စပ်တစ်လျှောက် မြေမြှုပ်မိုင်းများအသုံးပြုသည်နှင့်စပ်လျဉ်းပြီး စက်တင်ဘာလတွင် တရားဝင် တိုင်ကြားစာ ပေးပို့ထားပါသည်။

တပ်မတော်သည် မြေမြှုပ်မိုင်းများကို ဆက်လက်ထုတ်လုပ်ပြီး နိုင်ငံတစ်လျှောက် ဆက်လက်အသုံးပြုထားပါသည်။ မည်သူမဆို မြေမြှုပ်မိုင်းများ ဖြန့်ကျက်ထားသောနေရာသို့ ဖြတ်လျှောက်သွားပါက အမှန်တကယ် သေလောက်အောင်ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်၊ သို့မဟုတ် ကြီးလေးသော ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ အဆိုပါမြေမြှုပ်မိုင်းများကို ဖြန့်ကျက်မြှုပ်နှံထားခြင်းသည် လူ့အသက်ကို ကာကွယ်ထားရန်အတွက် မလိုအပ်သော အသုံးချမှုဖြစ်ပါသည်။ ဆန့်ကျင်ဘက်အရ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်မှုသည် အသက်ရှင်သန်ပိုင်ခွင့်ကို ကြီးလေးသောခြိမ်းခြောက်မှုနှင့် မညှာမတာနိုပ်စက်ခြင်းကို ပြုလုပ်ခြင်းဖြစ်စေသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် ထိုကဲ့သို့ အလားသဏ္ဍာန်တူညီသည့် စိုးရိမ်ပူပန်မှုများပေါ်ပေါက်နိုင်သည်။ မြန်မာနိုင်ငံသည် လူသေစေနိုင်သော မိုင်းများအသုံးပြုခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်းနှင့် ဖျက်ဆီးမှုပြုခြင်းတို့အား တားမြစ်ရေးဆိုင်ရာသဘောတူစာချုပ် (မိုင်းအသုံးပြုခြင်းကိုတားမြစ်သည့် စာချုပ်)ထံသို့ အဖွဲ့ဝင်ထားသည့် နိုင်ငံမဟုတ်သော်လည်း၊ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ မြေမြှုပ်မိုင်းများအသုံးပြုခြင်းနှင့် လက်နက်အသုံးချခြင်းဆိုင်ရာ အထွေထွေစည်းမျဉ်းများဖြင့်သော်လည်းကောင်း၊ လူ့အသက် ကာကွယ်စောင့်ရှောက်ရန် တာဝန်ပါဝင်သည့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအားဖြင့်သော်လည်းကောင်း စည်းနှောင်ထားမှုရှိပါသည်။ နိုင်ငံတကာဥပဒေအရ မြေမြှုပ်မိုင်းများကို အသုံးချသည့်အခါ ထိခိုက်မှုများလျှော့ချရန် အထူးဂရုပြုရမည်ဖြစ်ပြီး၊ မြေမြှုပ်မိုင်းနေရာများကို ခြံစည်းရိုးဖြင့် ရှင်းရှင်းလင်းလင်းကာရံကာ ဆိုင်းဘုတ်များတပ်ထားရမည်။ ထိုသို့သော သတိပေးချက်များမရှိဘဲ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြေမြှုပ်မိုင်းအသုံးချခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်စေပါသည်။

လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များ ၌ ပုဂ္ဂလိက တစ်ဦးချင်းသည် ဥပဒေနှင့်အညီ ပါဝင်နိုင်ပါသလား။

လုံခြုံရေးတပ်ဖွဲ့ဝင်များမဟုတ်သည့် အဖွဲ့များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် အကြမ်းဖက်မှုများကျူးလွန်ပြီး မီးရှို့ဖျက်ဆီးမှုများပြုရာ၊ ၎င်းတွင် လုံခြုံရေးတပ်ဖွဲ့များ တက်ကြွစွာပါဝင်ခြင်း၊ သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်

နေခြင်းကို စွပ်စွဲထားကြောင်း ယုံကြည်ရသော အစီရင်ခံသတင်းပေးပို့မှုမှ သိရပါသည်။ ထိုသို့ ကျူးလွန်ဆောင်ရွက်မှု၌ လုံခြုံရေးတပ်ဖွဲ့များ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပုဂ္ဂလိကတစ်ဦးချင်းမှ ထိုသို့သော ကျူးလွန်မှုများသည် ရာဇဝတ်မှုမြောက်စေပြီး စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲရန် လိုအပ်ပါသည်။ ဥပမာ ပုဂ္ဂလိကတစ်ဦးချင်း၊ သို့မဟုတ် ပြည်သူ့စစ်တပ်မှ ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လုံခြုံရေးစစ်တပ်များက ဖြစ်မြောက်စေသည့်၊ ကူညီပေးသည်၊ သို့မဟုတ် ပံ့ပိုးပေးသည့် အခြေအနေကိုကြည့်လျှင် ၎င်းသည်လည်း နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို ယေဘုယျအားဖြင့် ချိုးဖောက်မှု ဖြစ်စေပါလိမ့်မည်။ နိုင်ငံတော်အာဏာပိုင်များ၏ ရှေ့မှောက်၌ ထိုသို့သောအကြမ်းဖက်မှုဖြစ်ပျက်လာခြင်း၊ သို့မဟုတ် ထိုသို့ ဖြစ်ပျက်မည်ကို သတိပြုမိခြင်းအပေါ် တားမြစ်ရန် ဆောင်ရွက်မှုပျက်ကွက်ခြင်း၊ သို့မဟုတ် ထိုအဖြစ်အပျက်များရှိ ကျူးလွန်သူများကို အပြစ်ပေးရန် ပျက်ကွက်ခြင်းသည် နိုင်ငံတော်မှလိုက်နာရမည့် တာဝန်ဝတ္တရားများအား ချိုးဖောက်ရာဖြစ်စေပါလိမ့်မည်။

မြန်မာနိုင်ငံသည် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်အတည်ပြုချက်များဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပုဂ္ဂိုလ်တစ်ဦးချင်းမှ ကျူးလွန်သည့် ရှည်လျားသောသမိုင်းကြောင်း ရှိပါသည်။ အခြေအနေရပ် အများအပြားသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရပ်သားများကို စည်းရုံးစုဆောင်းမှုများနှင့် ချိတ်ဆက်နေပြီး၊ ကန့်သတ်ထားသည် မဟုတ်သော်လည်း ၎င်းတွင် ၂၀၀၃ ခုနှစ် 'ဒီပဲယင်း လူသတ်မှုအရေးအခင်း'၊ ၂၀၀၇ ခုနှစ် ဘုန်းကြီးများဦးဆောင်သော စီတန်းလှည့်လည်ခြင်းကို ဖြိုခွင်းခြင်းများနှင့် ၂၀၁၅ နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့၌ ကျောင်းသား သပိတ်မှောက်သူများပါဝင်သည့် မကြာသေးမီက အကြမ်းဖက်မှု စသည်တို့ပါဝင်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၂၈ တွင် ရဲအရာရှိနှင့် တရားသူကြီးသည် အစည်းအဝေးတွင် ပါဝင်သူတို့ကို လူစုခွဲရန်၊ တရားဥပဒနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်ရန် ဖမ်းဆီးချုပ်နှောင်ခြင်း ပြုရန်အတွက် "ကြည်း၊ ရေ၊ လေ တပ်သား အရာရှိမဟုတ်သူ မည်သည့်အမျိုးသားကိုမဆို အကူအညီတောင်းနိုင်သည်"။ ရာဇဝတ်ကျင့်ထုံးဥပဒေ၏ ပုဒ်မ ၁၂၇ အရ ပုဂ္ဂလိကပြည်သူတစ်ဦးချင်းအား တရားဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးတစ်စုံတစ်ရာကို၊ သို့မဟုတ် အများပြည်သူတို့ ငြိမ်းချမ်းခြင်းကို နှောင့်ယှက်ဖျက်ဆီးရန်ရှိသော လူငါးဦးဖြစ်စေ၊ ၎င်းထက်ပို၍ဖြစ်သော စုဝေးသည့် အစည်းအဝေးတစ်စုံတစ်ရာကို လူစုခွဲစေရန် စုဆောင်းမှုပြုနိုင်သည်။ ယင်းပြဋ္ဌာန်းချက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မကြာသေးမီအချိန်က ကိုးကားထားသည့် သတင်းအစီရင်ခံချက်များ မရှိသေးပါ။ ထိုသို့ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယင်းပြဋ္ဌာန်းချက်များသည် အကြမ်းဖက်မှုနှင့် ဖျက်ဆီးမီးတင်ရှို့ခြင်းတို့ဆိုင်ရာ ရာဇဝတ်မှုကို ခွင့်ပြုထားခြင်း မရှိပါ။

တပ်မတော်မှ ပြည်သူ့စစ်ကို အသုံးပြုခြင်းသည် မြန်မာနိုင်ငံတွင် ယခင်ကတည်းက ကျင့်သုံးလေ့ရှိသည့် အလေ့အထ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၄၀ တွင် "တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် NLD အစိုးရအောက်မှ ဖွဲ့စည်းထားခြင်း မဟုတ်သည်ကို ထောက်လျက် ပုဒ်မ ၃၄၀ နှင့်အညီ ပြည်သူ့စစ်ကိုစုဆောင်းရန် လိုအပ်ချက်တစ်ခုဖြစ်သဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ပေါ်ပေါက်လာသော အသစ်သော မည်သည့်ပြည်သူ့စစ်တစ်စုံတစ်ရာသည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တရားဝင်မဖြစ်နိုင်ပါ။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ရခိုင်ပြည်နယ်ရဲတပ်ဌာနမှ ရဲတပ်ဖွဲ့များကိုပံ့ပိုးရန် မွတ်ဆလင် မဟုတ်သည့် ဒေသခံများကို စုဆောင်းရန်အတွက် ကြေညာခဲ့ပြီး၊ လေ့ကျင့်သင်ကြားရေးအစီအစဉ် တစ်ရပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုအချိန်ကာလတွင် ယင်းကဲ့သို့သော ပုံစံဖြင့်တပ်သားဖွဲ့စည်းမှုအတွက် ဥပဒေရေးရာအခြေခံ အချက်နှင့် စပ်လျဉ်းပြီး ရှုပ်ထွေးများရှိခဲ့ပါသည်။ ယင်းအခြေအနေကို အာဏာပိုင်များက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နယ်ခြားစောင့်ရဲဌာနချုပ်၏ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရန် တပ်သားစုဆောင်းခြင်းဖြစ်ကြောင်း ထုတ်ဖော်ရှင်းလင်းခဲ့ပါသည်။ တပ်သားစုဆောင်းထားသူများကို ထိုနည်းလမ်းအားဖြင့် လေ့ကျင့်သင်တန်းပေးခြင်းသည် အားနည်းမှုများ၊ စည်းကမ်းတကျမရှိခြင်းနှင့် အခွင့်အရေးချိုးဖောက်သူများ ဖြစ်လာနိုင်စေဖွယ်ရှိကြောင်း စိုးရိမ်ဖွယ်ရာများရှိနေပါသည်။ စိုးရိမ်ဖွယ်ရာ နောက်တစ်ခုမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တပ်သားတစ်စုကို ထိုနည်းလမ်းဖြင့်ဖွဲ့စည်းခြင်းသည် ပုံမှန် ရွာသားများ

နှင့် လုံခြုံရေးအမှုထမ်းများအကြား သီးခြားထင်ရှားမှုကို ဝေဝါးစေနိုင်သည့် အန္တရာယ်ရှိနေပါသည်။ အဆုံးသတ်အားဖြင့် ဆိုရသော် ထိုစုဆောင်းထားသည့် တပ်သားများသည် သင်တန်း ကောင်းစွာရရှိ၊ မရှိ၊ သို့မဟုတ် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးဆောင်ရွက်ချက်များ၏ နောက်မှဖြစ်သော စုဆောင်းမှုဖြစ်နေသည်ဟူသည်ကို ရှင်းလင်းစွာ မသိရှိရပါ။ မည်သို့ပင်ဆိုစေ ထိုသို့သော တပ်သားစုသည် တူညီသောဥပဒေများနှင့် စံချိန်စံညွှန်းများကို ဖွဲ့စည်းပြီးဖြစ်သည့် ရဲဌာနများနည်းတူ လိုက်နာရပါမည်ဖြစ်ကြောင်း နိုင်ငံတကာ စံချိန်စံညွှန်းများမှ အတည်ပြုပါသည်။

၄။ ARSA ၏ တိုက်ခိုက်မှုများကို ဥပဒေနှင့်အညီ ပြန်လည်တုံ့ပြန်နိုင်ရန် မည်သို့ ပြဋ္ဌာန်းထားသနည်း။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့၌ ARSA မှ တိုက်ခိုက်မှုများသည် ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး၊ ပြစ်မှုကျူးလွန်သူများသည် တာဝန်ခံမှု ရှိစေနိုင်ပါသည်။ ပြစ်မှုကျူးလွန်သူများဟု သံသယရှိသူများကို ဖမ်းဆီးရန်နှင့် ထိန်းသိမ်းရန် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရပါမည်။ တပ်မတော် တပ်ဖွဲ့များမှာ ဖမ်းဆီးထိန်းသိမ်းထားသူ မည်သူကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းစဉ်သတ်မှတ်ချက်နှင့် သော်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ရဲလက်စွဲစာအုပ်များ၏ သတ်မှတ်ချက်များနှင့်အညီ သော်လည်းကောင်း၊ ထိန်းသိမ်းခံရသူများအားဆက်ဆံမှုဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ သော်လည်းကောင်း အရပ်သားရဲတပ်ဖွဲ့အာဏာပိုင်များထံသို့ လျင်မြန်စွာ လွှဲပြောင်းပေးရမည် ဖြစ်သည်။

ရာဇဝတ်မှုများအတွက် တာဝန်ရှိသော လူပုဂ္ဂိုလ်တစ်ဦးချင်းစီတိုင်းသည် မြန်မာနိုင်ငံ၏ ရာဇဝတ်ဥပဒေများနှင့်အညီ တရားစွဲဆိုရပါမည်။ အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများဖြင့် အရေးယူခံရသည့်ပုဂ္ဂိုလ်များ၏ တရားစွဲဆိုမှုကိုမဆို အခြားသော ရာဇဝတ်ပြစ်မှုများနည်းတူ မျှတသော တရားခွင်ဆိုင်ရာ စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်။ မျှတသော တရားခွင်ဆိုင်ရာ အခွင့်အရေးကို ချွင်းချက်အဖြစ် ထိမ်ချိန်သည့်အခြေအနေတွင်လည်း အဆိုပါအခွင့်အရေး၏ အဓိကကဏ္ဍများကို နိုင်ငံတကာဥပဒေအရ အသုံးချနိုင်သည်။ ထိန်းသိမ်းခံရသည့် ပုဂ္ဂိုလ်များကို တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်ရှေ့မှောက်သို့ ချက်ခြင်းရောက်ရှိစေရန်နှင့် ထိန်းသိမ်းမှုသည် တရားစီရင်ရေး၏ ထိန်းချုပ်မှုအောက်တွင်ရှိစေရန် သေချာစေမည့် ထိရောက်သော ဆောင်ရွက်ချက်များ ချမှတ်ရမည်။ ထိန်းသိမ်းခံရသည့် ပုဂ္ဂိုလ်များသည် ရှေ့နေများ၊ မိသားစုဝင်များနှင့် ကျန်းမာရေးအမှုထမ်းများနှင့် လျင်မြန်စွာ ဆက်သွယ်ရရှိနိုင်ရမည်။ ထိန်းသိမ်းခံရသူများသည် မိမိအား ထိန်းသိမ်းထားခြင်းသည် တရားဥပဒေ နည်းလမ်း ကျ၊ မကျကို စိန်ခေါ်ရန် တရားရုံးသို့ မည်သည့်အချိန်တွင်မဆို ချဉ်းကပ်နိုင်ခွင့်နှင့် အကယ်၍ ထိန်းသိမ်းမှုသည် ဥပဒေနှင့်မညီပါက ပြန်လည်လွတ်မြောက်ခွင့် ရှိစေရမည်။

ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ARSA မှ တိုက်ခိုက်မှုများကို တုန့်ပြန်သည့် လုံခြုံရေးဆောင်ရွက်ချက်များ ပြုလုပ်စဉ်အတွက် ဆောင်ရွက်သည့် ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းမှုများပြီးနောက် ဖော်ပြပါအခွင့်အရေးများကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ကြသည်။ ဖမ်းဆီးမှု အများအပြားမှာ တရားလက်လွတ်၊ ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခဲ့ကြပြီး၊ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ဥပဒေရေးရာ အတိုင်ပင်ခံမှု အပြည့်အဝ မရရှိခဲ့ကြပါ။ အစိုးရအစီရင်ခံထားသည့် အသေးအဖွဲ့ကိစ္စရပ်များ အပါအဝင် ထိန်းသိမ်းထားစဉ် သေဆုံးမှုများအား သေချာစွာစုံစမ်းမှုများနှင့် သမာသမတ်ကျစွာ ပြုလုပ်ခြင်းမရှိခဲ့ပါ။ ယင်းအခွင့်အရေးများအား မြန်မာအာဏာပိုင်များ လိုက်နာရန်ပျက်ကွက်မှုကို နိုင်ငံတစ်လျောက် မှတ်တမ်းတင်ထားပြီး၊ ပြည်တွင်းဆူပူလှုပ်ရှားမှု၊ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတို့ အခြေအနေများနှင့် ကန့်သတ်မထားပါ။

ARSA အား 'အကြမ်းဖက်အဖွဲ့' အဖြစ် သတ်မှတ်လိုက်ခြင်းအတွက် ဥပဒေရေးရာ သတ်မှတ်ချက်များကား အဘယ်နည်း။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အစိုးရ၏ တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းရေးဗဟိုကော်မတီမှ ARSA အား "အကြမ်းဖက်အဖွဲ့"တစ်ခုအဖြစ် ကြေညာခဲ့ပြီး၊ ၎င်းအား ထောက်ခံသူများသည် အကြမ်းဖက်မှုဆိုင်ရာ ဆောင်ရွက်

ချက်များအတွက် တာဝန်ယူရပါမည်။ ARSA မှ ကျူးလွန်ခဲ့သည့် တိုက်ခိုက်မှုများအား မြန်မာ့ရာဇသတ်ကြီး၊ သို့မဟုတ် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေအရ ပြစ်မှုအဖြစ်ထင်ရှားသည့် ရာဇဝတ်မှုများအဖြစ် သတ်မှတ်သင့်သည်။ ထိုသို့သတ်မှတ်ရာတွင် သက်ဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများကို ချိုးဖောက်မှုမပြုရန် လိုအပ်သည်။

ARSA ၏ တိုက်ခိုက်မှုများအား မြန်မာအစိုးရမှ အကြမ်းဖက်တိုက်ခိုက်မှုများအဖြစ် သတ်မှတ်သည်ဖြစ်စေ၊ မသတ်မှတ်သည်ဖြစ်စေ အကြမ်းဖက်မှု ကာကွယ်ရေးဆောင်ရွက်ချက်များကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ချမှတ်ရမည်ဖြစ်ပြီး၊ အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများဖြင့် အရေးယူခံရသည့်ပုဂ္ဂိုလ်များအား တရားစွဲဆိုမှုများကို အခြားသော ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများနည်းတူ တရားမျှတသော စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်။ ရာဇဝတ်မှုများ ကျူးလွန်သူများ တစ်ဦးချင်းတို့အား ၎င်းတို့၏အခြေအနေအပေါ် မမူတည်ဘဲ၊ ကျူးလွန်ခဲ့သည့် အချက်အပေါ်သာ အခြေပြုလျက် ၎င်းတို့အား ဆက်ဆံမှု၊ တရားစီရင်မှုပြုရမည်။

နိုင်ငံတကာဥပဒေအရ အကြမ်းဖက်မှုအား ပြီးပြည့်စုံသော၊ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ အနက်ဖွင့်ဆိုချက် မရှိပါ။ အမှန်ဆိုရသော် အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုများကို နိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေအရသာ ဖြေရှင်းပါသည်။ အခြားသော ရာဇဝတ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနည်းတူ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်သည်လည်း တရားဥပဒေနှင့် ညီညွတ်မှုရှိခြင်းဆိုင်ရာမူနှင့် ကိုက်ညီမှုရှိရမည်။ ဆိုလိုသည်မှာ အနက်ဖွင့်ဆိုချက်များသည် လုံလောက်သော ရှင်းလင်းမှုရှိရမည်။ သို့မှသာ ၎င်းတို့မှ ရည်ညွှန်းလိုသောသူများသည် ဥပဒေ၏ သတ်မှတ်ချက်များနှင့် ထိုသူတို့၏ ပြုမူချက်များ ကိုက်ညီမှုရှိနိုင်ပါမည်။ မြန်မာ့ဥပဒေတွင် အကြမ်းဖက်မှု၊ သို့မဟုတ် အကြမ်းဖက်ပြုမူချက်တို့အား အနက်ဖွင့်ဆိုချက်သည် ကျယ်ပြန့်ပြီး ရှင်းလင်းမှုမရှိချေ။ အခြားနိုင်ငံများစွာတို့တွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ စိစစ်သတ်မှတ်မှုများသည် ရာဇဝတ်ဥပဒေနှင့် တရားဥပဒေစိုးမိုးရေးအား အသုံးချခြင်းကို များယွင်းစွာ လျော့ပါးစေသည့် အကျိုးသက်ရောက်မှု ရှိပါသည်။

၅။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေအနေသည် ပြည်တွင်း၊ သို့မဟုတ် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများ ပါဝင်နေပါသလား။ အဆိုပါရာဇဝတ်မှုများ၏ အနက်ဖွင့်ဆိုချက်မှာ အဘယ်နည်း။

ပြည်တွင်းပြစ်မှုများနှင့် ပတ်သက်၍ မြန်မာ့ရာဇသတ်ကြီးတွင် ရာဇဝတ်မှုအတွက် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဝရမ်းနှင့် တရားစွဲဆိုမှုကို ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်များတွင် ပုဒ်မ ၃၀၀ လူသတ်မှု၊ ပုဒ်မ ၃၃၀နှင့် ပုဒ်မ ၃၃၁ ညှဉ်းပန်းနှိပ်စက်မှုနှင့်၊ ပုဒ်မ ၃၇၅ နှင့် ၃၇၆ မုဒိန်းမှုများ ပြဋ္ဌာန်းထားပါသည်။ သို့သော် မြန်မာနိုင်ငံ၏ဥပဒေသည် မပြည့်စုံသေးပေ။ သို့သော်လည်း မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော ရာဇဝတ်မှုများ အကျိုးသက်ရောက်မှုရှိသော နယ်ပယ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ ရာဇဝတ်မှုမြောက်သော အပြုအမူများအပေါ် အကျိုးသက်ရောက်မှု မရှိစေနိုင်သည့်အပြင် မြန်မာ့ပြည်တွင်းဥပဒေများ၏ ပြဋ္ဌာန်းချက်တချို့တွင် လုံခြုံရေးတပ်ဖွဲ့များကျူးလွန်သော ရာဇဝတ်မှုများမှ ကင်းလွတ်ခွင့်၊ သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်များကိုလည်း ဖော်ပြထားသည်။ ဥပမာ- လုံခြုံရေးတပ်ဖွဲ့များကို အများပြည်သူဆိုင်ရာ ရာဇဝတ်ကြောင်း အရတရားစွဲဆိုခြင်းများမှ ကာကွယ်ပေးခြင်း။ (အောက်သို့ ကြည့်ပါ)

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေသည် ညှဉ်းပမ်းနှိပ်စက်ခြင်း (မုဒိန်းမှုအပါအဝင်) ကဲ့သို့သော ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်စွာ၊ သို့မဟုတ် နှိမ့်ချစွာပြုမူမှု အကျဉ်းချုပ် တရားလက်လွတ်ကွပ်မျက်မှုနှင့် အတင်းအဓမ္မ အပျောက်ဖျောက်မှုတို့အား ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်သည်။ နိုင်ငံများသည် ဤချိုးဖောက်မှုများကို ၎င်းတို့၏ ပြည်တွင်းဥပဒေများတွင် ရာဇဝတ်မှုမြောက်စေပြီး ထိုကျူးလွန်သောပြစ်မှုများကိုလည်း ချက်ချင်း စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးရန် ခိုင်မာသော သက်သေခံပစ္စည်းများကိုလည်း စစ်ဆေးရာတွင် ပေးအပ်ကာ သင့်တော်သော ကိုင်တွယ်ဖြေရှင်းမှုများကို သေချာစေရန် လိုအပ်ပါသည်။ ထို့ပြင် အထက်ဖော်ပြပါပြစ်မှုများဖြစ်ပွားသော နိုင်ငံမှအပ အခြားသောနိုင်ငံများသည် ၎င်းတို့ နိုင်ငံအတွင်းသို့ ရာဇဝတ်ကျူးလွန်သူဝင်လာပါက ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

ကို လုပ်ဆောင်နိုင်၍ တချို့သော အခြေအနေများတွင် လုပ်ဆောင်ရန် လိုအပ်ပါသည်။

လူသားတစ်မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုသည်လည်း နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှု တစ်မျိုး ဖြစ်သည်။ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ ပြည်သူလူထုကို ထိခိုက်စေနိုင်သည်ဟုသိပြီး တိုက်ခိုက်သော နည်းစနစ်ကျကျစီမံထားသော တိုက်ခိုက်မှုမျိုးသည် လူသားအားလုံးကိုဆန့်ကျင်သော ရာဇဝတ်မှုဖြစ်သည်။ ထိုကဲ့သို့သော လုပ်ရပ်များတွင် အောက်ပါတို့ပါဝင်သည်၊ လူသတ်မှု၊ ပြည်နှင်ဒဏ်၊ သို့မဟုတ် လူထုကို အတင်းအကြပ် ရွှေ့ပြောင်းစေခြင်း၊ မုဒိန်းမှု၊ အမည်ဖော်ပြ၍ရသော လူ့အဖွဲ့အစည်းကို ညှဉ်းပန်းနှိပ်စက်မှုတို့ ဖြစ်ကြသည်။ အချို့သော အခြေအနေများတွင် အထက်ပါလုပ်ရပ်များသည် ပြည်တွင်း၊ သို့မဟုတ် နိုင်ငံတကာဥပဒေအောက်ရှိ ပြစ်မှုများကိုလည်း ဖြစ်စေနိုင်သည်။ သို့သော် လူသားတစ်မျိုးနွယ်လုံးအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ရန် အတွက် "လူထုကို ထိခိုက်စေနိုင်သော ကျယ်ပြန့်သော၊ သို့မဟုတ် နည်းစနစ်တကျစီမံထားသော တိုက်ခိုက်မှု"နှင့် ကျူးလွန်သူ၏ ထိုကဲ့သို့သော တိုက်ခိုက်မှု၏ သဘောသဘာဝကို သိရှိထားခြင်းတို့လည်း ပါဝင်ရမည်။

မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံဖြစ်သော "လူမျိုးတုန်းသတ်ဖြတ်ခြင်းဆိုင်ရာ သဘောတူညီစာချုပ်" (Genocide Convention)၏ အပိုဒ် ၂ မှ လူမျိုးတုန်းသတ်ဖြတ်ခြင်း(genocide)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "နိုင်ငံသားကိုဖြစ်စေ၊ တိုင်းရင်းသားကိုဖြစ်စေ၊ လူမျိုးရေးကိုဖြစ်စေ၊ သို့တည်းမဟုတ် ဘာသာရေးအဖွဲ့အစည်းဖြစ်စေ တစ်ခုလုံး၊ သို့မဟုတ် အစိတ်အပိုင်းတချို့ကို ထိခိုက်ပျက်ဆီးစေလိုသော ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော မည်သည့်လုပ်ရပ်ကိုမဆို ဆိုလိုသည်။ ၎င်းလုပ်ရပ်များမှာ (က) အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်သောလူများကို သတ်ခြင်း၊ (ခ) ထိုအဖွဲ့အစည်း၏ အဖွဲ့ဝင်များကို ရုပ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ နာကျင်စေခြင်း၊ (ဂ) ထိုအဖွဲ့အစည်းတစ်ခုလုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရုပ်ပိုင်းဆိုင်ရာပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ပဋိပက္ခများ ဖြစ်ပွားစေခြင်း၊ (ဃ) ထိုအဖွဲ့အစည်းအတွင်း ကလေးမွေးဖွားမှုကို တားမြစ်စေရန်ရည်ရွယ်သော နည်းဥပဒေများ ချမှတ်ခြင်း၊ (င) ထိုအဖွဲ့အစည်းမှ ကလေးများကို အခြားအဖွဲ့သို့ အတင်းအကြပ် လွှဲပြောင်းခြင်းတို့ ဖြစ်ကြသည်။ လူမျိုးတုံးသတ်ဖြတ်ခြင်းတွင် "အားလုံး သို့မဟုတ်၊ တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေလိုသော ရည်ရွယ်ချက်"ဟူသော အထူးအင်္ဂါရပ် ပါဝင်နေခြင်းကြောင့် သက်သေပြသဖို့အတွက် ခက်ခဲသောရာဇဝတ်မှုဖြစ်သည်။ အဆိုပါ အနက်ဖွင့်ဆိုချက်သည် အထူးအရေးကြီးသည့် သီးခြားကိစ္စရပ်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် ICC ဆိုင်ရာ Rome ပြဌာန်းဥပဒေကဲ့သို့သော နိုင်ငံတကာ ရာဇဝတ်ဥပဒေနှင့် ခေတ်ပြိုင်ထင်ဟပ်စေပါသည်။ အထူးသဖြင့် "တစ်ခုလုံး၊ သို့မဟုတ် အစိတ်အပိုင်းတချို့အား" ဖျက်ဆီးစေရန် ကြံရွယ်ခြင်း စသည့် စကားရပ်တွင် လူမျိုးတုန်းသတ်ဖြတ်ခြင်း(genocide)အတွက် တစ်သီးပုဂ္ဂလ ရာဇဝတ်ဆိုင်ရာ တာဝန်ယူမှုကို သက်သေပြနိုင်ရန် စိန်ခေါ်မှုများရှိနေသည်။ သို့သော် အခြေနေရပ်ဆိုင်ရာ ပြဋ္ဌန်မှုသည် စုံစမ်းစစ်ဆေးရာလိုက်နာရမည့် တာဝန်ဝတ္တရားများအတွက် အစပျိုးစေသည့် အခြေခံအချက်များဖြင့် ထောက်ပံ့ပေးပါသည်။ နိုင်ငံများမှ လူမျိုးတုန်းသတ်ဖြတ်ခြင်း ရာဇဝတ်မှု (crime of genocide) အား တားဆီးရန် ချမှတ်နိုင်သည့် ဆောင်ရွက်ချက်များကို ဖော်ထုတ်ပေးသည့် ယုတ်မာရက်စက်သော ရာဇဝတ်မှုများတားဆီးရေးအတွက် သုံးသပ်စိစစ်မှုဆိုင်ရာ မူဘောင်တစ်ရပ်ကို လူမျိုးတုန်းသတ်ဖြတ်မှု (genocide) တားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတာဝန်ဆိုင်ရာ ကုလသမဂ္ဂ အထူးအကြံပေးပုဂ္ဂိုလ်များမှ ဖော်ဆောင်ခဲ့ပါသည်။ အန္တရာယ်ကျရောက်စေသည့် အချက်များတွင် "အုပ်စုအချင်းချင်း တင်းမာမှုများ၊ သို့မဟုတ် ကာကွယ်စောင့်ရှောက်မှုရရှိထားသည့် အုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုပုံစံများ" သို့မဟုတ် "ကာကွယ်စောင့်ရှောက်မှု ရရှိထားသည့် အုပ်စုတစ်ခုလုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးရန် ရည်ရွယ်သည့် လက္ခဏာများ" ရှိနေခြင်းတို့ ပါဝင်သည်။ အထက်က ဖော်ပြခဲ့သည့်အတိုင်း လူမျိုးတုန်းသတ်ဖြတ်ခြင်း (genocide) ဆိုင်ရာ သဘောတူညီစာချုပ်တွင် နိုင်ငံများကို လူမျိုးတုန်းသတ်ဖြတ်ခြင်းဆိုင်ရာ ရာဇဝတ်မှု(crimes of genocide)များ အားလုံးကို တားမြစ်၍ ပြစ်ဒဏ်ချမှတ် ဖို့ရန်အတွက် ဖော်ပြထားပါသည်။

လက်နက်ကိုင်ပဋိပက္ခများတွင် (အထက်က ဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း မပါ) ပြင်းထန်သော နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေချိုးဖောက်မှု (နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများ၊ ဂျီနီဗာ သဘောတူညီစာချုပ်၏ အပိုဒ် ၃ ကို ချိုးဖောက်မှုနှင့် ပြင်းထန်သော နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေချိုးဖောက်မှုများ အပါအဝင်) စစ်ရာဇဝတ်မှုများကို ဖြစ်ပေါ်စေသည်။ စစ်ရာဇဝတ်မှုများတွင် စစ်ဘက်ဆိုင်ရာ လိုအပ်ချက်များဟူ၍ တမင်ရည်ရွယ်ကာ လူသတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားသော ပုံစံမျိုးဖြစ်သည့်

လူမဆန်သောပြုမူမှုနှင့် နေရာအနှံ့အပြားကို ဖျက်စီးမှု၊ ပိုင်ဆိုင်မှုများကို ဥပဒေနှင့်ဆန့်ကျင်၍ ယူဆောင်အသုံးပြုခြင်း တို့ပါဝင်ပြီး အခြားသော လုပ်ရပ်များလည်း ပါဝင်သည်။

၁၉၉၈ ခုနစ်၊ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး၏ ရောမဥပဒေသ သဘာတူညီချက်၌လည်း လူသားမျိုးနွယ်ကို ကျူးလွန်သော ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်ခြင်း(genocide)တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကို အဆိုပါတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို သိသာထင်ရှားစေရန်အတွက် ဖော်ပြထားပါသည်။ သို့သော် မြန်မာ နိုင်ငံသည် ရောမဥပဒေသ သဘောတူညီချက်ကို သဘောတူညီချုပ်ဆိုထားခြင်း မရှိသည့်အတွက်ကြောင့် ရောမ ဥပဒေသ သဘောတူညီချက် အပိုဒ် ၁၃(ခ) နှင့် ကမ္ဘာ့ကုလသမဂ္ဂ ချာတာ အခန်း ၇ အရ ထိုဖြစ်ရပ်ကို ကုလသမ္ဂဂ၏ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မှတစ်ဆင့် အပ်နှံခြင်းမှတစ်ပါး နိုင်ငံတကာ ရာဇဝတ်မှုခုံးရုံးသည် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပိုင်ခွင့် မရှိပါ။ သဘောတူညီချက်၏ အပိုဒ် ၂၄(က) နှင့် အပိုဒ် ၁၂၆(ခ) အရ မြန်မာနိုင်ငံသည် ရောမဥပဒေသ သဘောတူညီချက်ကို သဘောတူချုပ်ဆိုထားသော အဖွဲ့ဝင် ဖြစ်လာစေကာမူ ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများကို နောက်ကြောင်းပြန်၍ အရေးမယူနိုင်ပါ။

နိုင်ငံတကာ လူအခွင့်အရေးဥပဒေနှင့် စံနှုန်းများသည် နိုင်ငံတကာ ဥပဒေအောက်တွင် ဖော်ပြထားသော အခွင့်အရေးဖြစ်သည့် ရာဇဝတ်မှုများကို တိုင်တန်းနိုင်ခြင်းနှင့် အများပြည်သူကိုသိရှိစေရန် လုပ်ပိုင်ခွင့်တို့ကို ကာကွယ် ထားပြီး နိုင်ငံများသည်လည်း လာရောက်တိုင်တန်းသောသူ၊ သို့မဟုတ် သက်သေများကို ကာကွယ်ပေးရန်အတွက် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိပါသည်။ နိုင်ငံတကာဥပဒေအရ တရားစွဲဆိုသည့် အချိန်နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းကို ရာဇဝတ်မှုမြောက်သော ပြစ်ဒဏ်ကိုချမှတ်သည့် အချိန်၌လည်း အခြားသော ရာဇဝတ်မှုများအတွက် သတ်မှတ်ထားသော လူအခွင့်အရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်နာရမည်။ ထိုသတ်မှတ်ထားသော လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် အချက်များတွင် လွတ်လပ်၍ သမာသမတ်ကျသော တရားရုံရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် အချိန်အထိ အပြစ်ကင်းစင်သည်ဟု ယူဆခြင်းနှင့် သက်သေပြသရန် စံနှုန်းများတို့လည်း ပါဝင်သည်။

မြန်မာနိုင်ငံရှိ လုံခြုံရေးတပ်ဖွဲ့များမှ တိုင်းရင်းသားလူနည်းစုတို့၏ အခွင့်အရေးကို ချိုးဖောက်မှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုသမိုင်းကို ခိုင်လုံစွာ မှတ်တမ်းတင်ထားပါသည်။ ထိုချိုးဖောက်မှုများတွင် စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများကို မြန်မာနိုင်ငံ အနှံ့အပြားတွင် အသုံးပြု၍ နိုင်ငံပိုင်နယ်စပ်အတွင်းရှိ လူထုကို နယ်စပ်ပြင်ပသို့ အတင်း အကြပ် ရွှေ့ပြောင်းခိုင်းခြင်းတို့လည်း ပါဝင်သည်။ ထိုကဲ့သို့သော လှုပ်ရှားမှုများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၁၉၇၈ နှင့် ၁၉၉၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မီဒီယာများက ထိုတိုက်ခိုက်မှုများကို တပ်မတော်မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော နေရာအနှံ့ အပြားတွင် ဖြစ်ပွားစေသော၊ နည်းစနစ်တကျစီမံထားသော လုပ်ရပ်များဖြစ်သည်ဟု စွဲချက်တင်ခဲ့သည်။ ထိုလုပ်ရပ် များတွင် လူသတ်မှု၊ ပြည်နှင်ဒဏ်နှင့် အတင်းအကြပ် ရွှေ့ပြောင်းစေမှု၊ အကျဉ်းချခြင်း၊ သို့မဟုတ် နိုင်ငံတကာဥပဒေ၏ အခြေခံစည်းမျဉ်းများဖြစ်သည့်၊ လွတ်လပ်ခွင့်ကို ဆုံးရှုံးစေသည့် ချိုးဖောက်မှုများ၊ မုဒိန်းမှုနှင့် သက်သေအထောက် ထားရှိသော လူ့အဖွဲ့အစည်းကို ညှဉ်းပမ်းနှိပ်စက်မှုတို့လည်း ပါဝင်သည်။

လက်ရှိအခြေအနေသည် 'လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း' 'ethnic cleansing' ဖြစ်စေပါသလား။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက လူ့အခွင့် အရေးဆိုင်ရာကောင်စီသို့ ပြောကြားခဲ့သည်မှာ "မနစ်တုန်းက ရိုဟင်ဂျာတွေရဲ့ အခွင့်အရေးကို ချိုးဖောက်တဲ့ ပုံစံတွေက နေရာအနှံ့အပြားမှာဖြစ်ပေါ်တဲ့ နည်းစနစ်တကျစီမံထားတဲ့ တိုက်ခိုက်မှုတွေဖြစ်တယ်လို့ ကျွန်ုပ်သတိပေးခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုက လူသားမျိုးနွယ်ကိုကျူးလွန်တဲ့ ရာဇဝတ်မှုအထိ ဖြစ်သွားမယ်ဆိုရင် တရားရုံးတစ်ခုက တာဝန်ယူ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ မြန်မာနိုင်ငံက လက်ရှိအခြေအနေကို စုံစမ်းဖို့ လူ့အခွင့်အရေးဆိုင်ရာ ထောက်လှမ်းစစ်ဆေးတဲ့ သူတွေကို ဝင်ရောက်ခွင့်မပြုတဲ့အတွက်ကြောင့် အပြည့်အဝ ကိုင်တွယ်ခွင့် မရှိဘူး။ ဒါပေမယ့် အခြေအနေကို ကြည့်ခြင်းအားဖြင့် ဒါဟာ လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း (ethnic cleansing)ကို ပုံဆောင်နေတဲ့ ပုံနှိပ် သာဓကတစ်ခုလို ပါပဲ"။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား မိမိအနေဖြင့် လက်ရှိအခြေအနေသည် 'လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း' (ethnic cleansing) ကို ဖြစ်စေမှု ရှိ၊ မရှိကို မဟာမင်းကြီး၏ ထုတ်ပြန်ချက်နှင့်စပ်လျဉ်းပြီး မေးမြန်းခံရခဲ့လေရာ ဤသို့ဖြေကြားခဲ့သည် - "ကောင်းပြီ၊ မေးတဲ့မေးခွန်းကို အခြားမေးခွန်းလေးတစ်ခုနဲ့ ပြန်ဖြေကြားချင်ပါတယ်။ ရိုဟင်ဂျာလူဦးရေရဲ့ သုံးပုံတစ်ပုံဟာ နိုင်ငံကနေ ထွက်ပြေးတိမ်းရှောင်သွားတာကိုကြည့်ပြီး ကောင်းမွန်တဲ့ဖြေရှင်းချက် ခင်ဗျားပေးနိုင်ပါမယ်လား"

'လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း' (ethnic cleansing) ဟူသည့် အသုံးအနှုန်းကို ယေဘုယျအားဖြင့် သတ်မှတ်ထားသည့် နယ်မြေတစ်ခုမှ တိုင်းရင်းသားအုပ်စုတစ်ခုအား အမြစ်ဖြတ်ရှင်းလင်းရန်ရည်ရွယ်သည့် ခွဲခြားဆက်ဆံမှုဆိုင်ရာ အပြုအမူများအဖြစ် နားလည်နိုင်သည်။ သို့သော်လည်း နိုင်ငံတကာဥပဒေတွင် 'လူမျိုးစုသုတ်သင်ရှင်းလင်းခြင်း' (ethnic cleansing) ဟူသည့် အသုံးအနှုန်းကို အနက်ဖွင့်ထားခြင်းမရှိပါ။ ယင်းအသုံးအနှုန်းအား လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့၏ ဆုံးဖြတ်ချက်များတွင် အသုံးပြုထားပြီး၊ ယခင် ယူဂိုဆလားဗီးယားနိုင်ငံအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားစီရင်မှုများနှင့် စွဲချက်တင်မှုများတွင် အသိအမှတ်ပြုထားသော်လည်း နိုင်ငံတကာဥပဒေအရ သီးခြားရာဇဝတ်မှုတစ်ခုမဟုတ်ပါ။

နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေ၏ ရှုထောင့်အမြင်မှ သက်ဆိုင်ရာဥပဒေရေးရာ မေးခွန်းမှာ နောက်ဆုံးဆိုရသော် သက်ဆိုင်ရာပြုမှုလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၊ သို့မဟုတ် နိုင်ငံတကာ ဥပဒေအရ ရာဇဝတ်မြောက်မှု ဖြစ်၊ မဖြစ်ဟူသည် ဖြစ်သည်။

၆။ လူ့အခွင့်အရေးချိုးဖောက်ခြင်းကို တာဝန်ခံမှုအတွက် အဟန့်အတားများသည် မည်သည်တို့နည်း၊ မည်သို့ကျော်လွှန်နိုင်မည်နည်း။

မြန်မာနိုင်ငံ ပြည်တွင်းဥပဒေများသည် လုံခြုံရေးတပ်ဖွဲ့များအား အများပြည်သူ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းမှ အကာအကွယ်ပေးခြင်းအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်နေခြင်းကို ဖြစ်စေပါသည်။

၁၉၅၉ တပ်မတော်အက်ဥပဒေ၏ ပုဒ်မ ၇၂ တွင် ကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်သည့် တန်းပြည့်စစ်မှုထမ်းနေသော တပ်မတော်အမှုထမ်းအား သာမာန်တရားရုံးဖြင့်မဟုတ်ဘဲ စစ်တရားရုံးဖြင့်သာ စစ်ဆေးစီရင်ရမည်။ "ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးသည်၊ စစ်ဘက်ဥပဒေကို မလိုက်နာသူတစ်ဦးအား သေစေသည့် လူသတ်မှုကိုသော်လည်းကောင်း၊ ထိုသို့ မလိုက်နာရသူတစ်ဦးအား သေစေသည့် လူသတ်မှုမမြောက်သော ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် လူသေမှုကိုသော်လည်းကောင်း၊ ထိုသို့ မလိုက်နာရသူတစ်ဦးအား၊ မုဒိမ်းမှုကိုသော်လည်းကောင်း ကျူးလွန်ခြင်းမှာ (က) တန်းပြည့်စစ်မှုထမ်း ချိန်တွင်၊ သို့တည်းမဟုတ်၊ (ခ) ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပရှိ နေရာ တစ်ခုခုတွင်၊ သို့တည်းမဟုတ်၊ (ဂ) နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ဤကိစ္စအလို့ငှာ၊ သီးခြားဖော်ပြထားသော နယ်စပ်စစ်စခန်းတွင်၊ ကျူးလွန်ခြင်းမဟုတ်လျှင် ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု မမှတ်ယူရ။ ထို့ပြင် ထိုပြစ်မှုကျူးလွန်သူအား စစ်တရားရုံးက စစ်ဆေးစီရင်ခြင်းလည်း မပြုရ။"

ယင်းအက်ဥပဒေ၏ အပိုဒ် ၃ (က)ရှိ 'တန်းပြည့်စစ်မှုထမ်းခြင်း'၏ ကျယ်ပြန့်သော အနက်ဖွင့်ဆိုချက်တွင် အခြေအနေရပ်များစွာ၌ အက်ဥပဒေအားလိုက်နာရသည့် တပ်မတော်အမှုထမ်းများအား တန်းပြည့်စစ်မှုထမ်းနေသောသူများအဖြစ် မှတ်ယူရသဖြင့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသတ်မှု၊ လူသတ်မှု အတွက်တာဝန်ရှိခြင်းနှင့် မုဒိမ်းမှုအတွက် သာမန်တရားရုံးများမဟုတ်ဘဲ စစ်တရားရုံးများဖြင့် စစ်ဆေး စီရင်မှုပြုရမည်ဟူသည့် အကျိုးသက်ရောက်မှုရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၉၃ (ခ)၊ ၃၁၉ နှင့် ၃၄၃(ခ) တွင် အမြဲတမ်း စစ်ဘက်ဆိုင်ရာခုံရုံးများဖွဲ့စည်းခြင်းအတွက် ပြဋ္ဌာန်းထားရာ ၎င်းနှင့်စပ်လျဉ်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရားလွှတ်တော်ချုပ်၊ သို့မဟုတ် အခြားအရပ်သားအဖွဲ့ထံသို့ အယူခံဝင်ခွင့်မလို၊ အယူခံဝင်ခွင့်ဆိုင်ရာအာဏာနှင့် အဆုံးစွန်သောအခွင့်အာဏာကို ကျင့်သုံးထားလေသည်။ အကျိုးအဆက်အားဖြင့် တပ်မတော်အမှုထမ်းများသည် သာမန်တရားရုံးများတွင်

မဟုတ်ဘဲ စစ်တရားရုံးများတွင်သာ စီရင်ခြင်းခံရသဖြင့် အခြားမည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် နိုင်ငံတော်အင်စတီကျူးရှင်း တစ်ခုမျှ ဆုံးဖြတ်ချက်များကို အယူခံမှုမပြုနိုင်ပါ။ ဤအစီအမံများအောက် တပ်မတော်အဖွဲ့ဝင်များသည် ရာဇဝတ်မှု ဆိုင်ရာပြစ်မှုများ ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်မှကွင်းလွတ်ခြင်းကို ယေဘုယျအားဖြင့် ခံစား၊ စံစားနေပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၁၉၉၅ စည်းကမ်းထိန်းသိမ်းရေးဥပဒေ (မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေ ၁၉၉၇ အား ပြန်လည်ပြင်ဆင်ချက်ကိုလည်း ကြည့်ပါ) ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသော အထူး ရဲတပ်ဖွဲ့တရားခုံရုံးများကို အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် ယေဘုယျအားဖြင့် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခြင်း(impunity) အခွင့်ကို ခံစားရရှိနေကြလေသည်။ ဤဥပဒေအား ချိုးဖောက်ခြင်းများကို "ရာဇဝတ်မှု" ဟု မသတ်မှတ်ဘဲ "ပြစ်မှု" ဟုၡသာ သတ်မှတ်ထားသည်။

ဤဥပဒေများ၏ အကျိုးဆက်အနေဖြင့် နိုင်ငံသားများအပေါ် ကျူးလွန်သည့်ချိုးဖောက်မှုများအပါအဝင် မြန်မာ့ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ နိုင်ငံတကာလူ့အခွင့်အရေး၊ သို့မဟုတ် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံတွင် စစ်နှင့်စစ်ဘက်ဆိုင်ရာ အထူးခုံရုံးများအရ တရားစီရင်လေ့ရှိပြီး ထို စစ်ခုံရုံးများသည် နိုင်ငံကာဥပဒေ၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် စီရင်ထုံးတမ်းများ ဆိုင်ရာ အကာအကွယ်ပေးမှုတို့ မရှိကြပါ။

ပြည်တွင်းဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရန်အတွက်သော်လည်းကောင်း၊ နိုင်ငံတော် ဥပဒေတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ပေးခြင်းမှကင်းလွတ်နေခြင်းဆိုင်ရာ ဥပဒေများကို ထိထိ ရောက်ရောက် စီစဉ်ပြဌာန်းရန်အတွက်သော်လည်းကောင်း ရွေးချယ်တင်မြှောက်ခံ လွှတ်တော်အမတ်များအနေဖြင့် မြန်မာနိုင်ငံ၏ တပ်မတော်တရားစီရင်ရေးနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ တရားရုံးစနစ်များကို ပြန်လည် ပြုပြင်မှုပြုရပါမည်။ တရားနည်းလမ်းကျစွာ ဆိုရလျှင် လုံခြုံရေး တပ်ဖွဲ့ များမှ လူ့အခွင့်အရေး ချိုးဖောက်မှု များကို အရပ်ဘက်တရားရုံးများတွင် တရားစီရင်သင့်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ စွပ်စွဲချက်များအတွက် မြန်မာနိုင်ငံသည် စုံစမ်းစစ်ဆေးမှုများ မည်သို့ပြုခဲ့ပါသလဲ။

ရခိုင်ပြည်နယ်ဖြစ်စေ၊ အခြားနေရာများတွင်ဖြစ်စေ ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြား ပြစ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစီရင်ခြင်းတို့အား မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးရာစနစ်ဖြင့် တရားစီရင်မှုမှာ လွန်စွာနည်းပါးသည်။ ထိုအစား လုံခြုံရေးတပ်ဖွဲ့များ၊ သီးခြားကိစ္စရပ်တစ်ခုအတွက် ဖွဲ့စည်းထားသော အစိုးရကော်မတီများနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် စသည်တို့က ဤစုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်သည့်အခါ သမာသမတ်ကျမှုမရှိခြင်း၊ အမှီအခိုကင်းမဲ့မှုမရှိခြင်း၊ သို့မဟုတ် စေ့စေ့စပ်စပ် လေ့လာသုံးသပ်မှု မရှိခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများသည် တရားရေးရာတွင် အခွင့်သာစေပါသည်။ စုံစမ်းစစ်ဆေးမှုများသည် မြန်မာနိုင်ငံ၏ ရာဇဝတ်ကျင့်ထုံးနှင့် နိုင်ငံကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြပါ။ မြန်မာ့တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် စစ်ခုံရုံးများနှင့် အထူးရဲတပ်ဖွဲ့ တရားခုံရုံးများကို အသုံးပြုခြင်းကြောင့် ပြစ်ဒဏ်ပေးခြင်းမှကင်းလွတ် သည့်အခွင့်ကို ခံစား၊ စံစားနေကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သည့် ရာဇဝတ်မှုများမှာ ပြစ်မှုထင်ရှားခြင်း သည် နည်းပါးလှပြီး၊ ပြစ်ဒဏ်များသည်လည်း လျော့ပေါ့သက်သာလှပြီး၊ အများအားဖြင့် သက်ဆိုင်ရာကျူးလွန်မှုများနှင့် ကိုက်ညီမှုလည်း မရှိကြပါ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့ သော လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း ထုတ်ပြန်ချက်များကို မှန်ကန်မှု ရှိမရှိ၊ ယုံကြည်ထိုက်မှု ရှိမရှိကို ကြိမ်ဖန်များစွာ ပြန်လည်မေးခွန်းထုတ်ခဲ့ပြီး လွတ်လပ်၍ ဘက်လိုက်မှုကင်းသော စုံစမ်းသူများများကို သွားရောက် လေ့လာခွင့် ပိတ်ပင်ထားခဲ့သည်။ ၂၀၁၆ ခုနှစ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် "ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်"ကို ဖွဲ့စည်းရာတွင် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သော ဒုသမ္မတဦးမြင့်ဆွေကို ဥက္ကဋ္ဌနေရာတွင် ခန့်အပ်ထားပြီး လူ့အခွင့်အရေးချိုးဖောက်သော လက်နက်ကိုင်အဖွဲ့အစည်းများကို ဖယ်ရှင်းထားခဲ့ သည်။ အောက်တိုဘာ ၁၃၊ ၂၀၁၇ တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု

များကို အသစ်တဖန် စုံစမ်းစစ်ဆေးမှုအား တပ်မတော်စစ်ဆေးရေးအရာရှိ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းမှ ဦးဆောင်မည်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။

တပ်မတော်သည် မိမိတို့လုပ်ရပ်များကို မိမိတို့သာ စုံစမ်းစစ်ဆေးနေခြင်းထက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွက် ဘက်လိုက်မှုကင်းသော၊ လွတ်လပ်သော၊ ထိရောက်သော နိုင်ငံတကာနှင့် တစ်နိုင်ငံလုံးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကိုသာ လိုအပ်သည်။ နိုင်ငံတကာဥပဒေကို ချိုးဖောက်သူတိုင်းသည် တရားစီရင်မှုကိုခံယူရန် တာဝန်ရှိကြသည်။ မှန်ကန်၍ ထိရောက်သော စုံစမ်းစစ်ဆေးမှုများ မရှိပါက လူ့အခွင့်အရေးချိုးဖောက်ပြီး ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ကို ရရှိနေကြမည်ဖြစ်ပြီး ဤအချက်ကလည်း လူ့အခွင့်အရေးချိုးဖောက်နေသူများကို အနာဂတ်တွင် အလားတူ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထပ်မံကျူးလွန်ရန် ပိုမို ရဲတင်းလာစေပါသည်။

နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact Finding Mission) ဟူသည် အဘယ်နည်း။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၃၄/၂၂မှ မတ်လ ၂၀၁၇ ခုနှစ်တွင် ချမှတ်ထားသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင်(FFM)၏ Mandate လုပ်ပိုင်ခွင့်တာဝန်မှာ "မြန်မာနိုင်ငံတွင်၊ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့တို့မှ မကြာသေးမီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများများဆိုင်ရာ အချက်အလက်များနှင့် အခြေအနေများကို ဖော်ထုတ်ရန်" ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်သုံးဦးဖြစ်သည့် အင်ဒိုနီးရှားမှ မာဇူကီဒါရူစ်မန်၊ သီရိလင်္ကာမှရတ်ဟီကာ ကုရ်မာရဆွာမီနှင့် ဩစတေးလျမှ ခရစ်စတို ဖာဒိုမီနစ်စီဒိုတီတို့ဖြင့် FFM ကို ဖွဲ့စည်းထားပြီး ၎င်းတို့၏တာဝန်ကို အကောင်အထည်ဖော်ရာတွင် အကြံပေးအဖွဲ့က ကူညီပေးသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် မစ်ရှင်၏ ဥက္ကဋ္ဌဖြစ်သူ မာဇူကီ ဒါရူစ်မန်က လူ့အခွင့်အရေးဆိုင်ရာ ကောင်စီအပေါ် ၎င်း၏ယူဆချက်ကို ထုတ်ဖော်ရာတွင် "ကျွန်တော်တို့ရဲ့ mandate (လုပ်ပိုင်ခွင့်တာဝန်)က တစ်နိုင်ငံလုံးကို လွှမ်းခြုံပါတယ်။ အထူးဖြင့် ရခိုင်ပြည်နယ်လို့ ပြောထားသော်လည်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ဘဲ မြန်မာနိုင်ငံ အနှံ့အပြားမှာရှိတဲ့ အခြေအနေတွေကိုလည်း လွှမ်းခြုံပါတယ်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခတွေမှာပေါ့။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ တိုင်တန်းထားတဲ့ မတရားမှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ပြီးဖြစ်နေတဲ့ ဖြစ်ရပ်တွေကိုလည်း လွှမ်းခြုံသွားမှာ ဖြစ်ပါတယ်"ဟုပြောကြားသွားပြီး၊ FFM သည် ထိုကဲ့သို့သော အဖြစ်အပျက်များကို ၂၀၁၁ ခုနှစ်ကတည်း အထူးဦးစားပေးဆောင်ရွက်ခဲ့ကြောင်း ထပ်မံပြောကြားသွားပါသည်။

လူ့အခွင့်အရေးကောင်စီသည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ၎င်း၏ ၃၆ ကြိမ်မြောက် အစည်းအဝေး၌ FFM ၏ mandate ကို သက်တမ်းတိုးခဲ့ပါသည်။ FFM သည် ၂၀၁၈ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် ၂၇ ကြိမ်မြောက်အစည်းအဝေးတွင် နှုတ်ပြောအစီရင်ခံမှုကို တင်ဆက်ရန် အစီအစဉ်ချမှတ်ထားပြီး၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင်ကျင်းပမည့် ကောင်စီ၏ ၃၉ ကြိမ်မြောက် အစည်းအဝေးတွင် ၎င်း၏ နောက်ဆုံးအစီရင်ခံစာကို အစည်းအဝေး၌ ဝိုင်းဝန်းထည့်သွင်း စဉ်းစားမှုပေးရန်အတွက် တင်ဆက်ပေးရပါမည်။ ထိုနောက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၇၃ ကြိမ်မြောက် အစည်းအဝေးတွင် ယင်းအစီရင်ခံကို တင်ဆက်ပေးရန်ဖြစ်သည်။ ကောင်စီ၏ အစည်းအဝေးတိုင်းတွင် အပြန်အလှန်ဆွေးနွေးမှုများ ပါဝင်သွားပါမည်။

မြန်မာနိုင်ငံသည် ယခုထက်ထိ FFM ၏ အဖွဲ့ဝင်များအတွက် ဗီဇာထုတ်ပေးခြင်းကိုငြင်းဆိုခြင်း အပါအဝင် ၎င်းပူးပေါင်းဆောင်ရွက်ခြင်း မရှိပါ။ FFM၏ mandate ကို သက်တမ်းတိုးရန် ကမ်းလှမ်းချက်ကို ပြန်လည်တုံ့ပြန်ရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က၊ "mandate ကို သက်တမ်းတိုးပေးတာဟာ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးပြန်လည်ရရှိဖို့ ကြိုးပမ်းတဲ့ အစိုးရရဲ့အားထုတ်မှုတွေကို ကောင်းကျိုးမပေးနိုင်ပါဘူး" ဟု ကောင်စီသို့ ပြောကြားခဲ့ပါသည်။

၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းထားသည့် FFMသည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေနေများဆိုင်ရာ လူ့အခွင့်အရေးကောင်စီ၏ အထူးကိုယ်စားလှယ်တော်ကြီးမှ သီးခြားယန္တရားတစ်ခုဖြစ်ပြီး၊ ကောင်စီ၏ အထူးလုပ်ဆောင်

ချက်အဖြစ် ဖွဲ့စည်းထားပြီး နှစ်စဉ်သက်တမ်းတိုးမှုပြုသည်ကို မှတ်သားရပါမည်။ ပို၍ကျယ်ပြန့်သော သတ်မှတ်ချက်များအားဖြင့် အထူးကိုယ်စားလှယ်တော်ကြီး၏ လုပ်ပိုင်ခွင့်(mandate) သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို စုံစမ်း၍ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီကို တင်ပြပြီး မည်သည့်နေရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်ကို ဖော်ထုတ်ပေးရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်းမှုပြုရန် စည်းနှောင်မှုရှိပါသလား။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့်အတွက် ကုလသမဂ္ဂနှင့် သဘောရိုးဖြင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် မျှော်လင့်ရပါမည်။ ကုလသမဂ္ဂချာတာ အပိုဒ် ၂(၅)တွင် ပြဋ္ဌာန်းထားသည်မှာ၊ “အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂကို မည်ကဲ့သို့သော အကူအညီမျိုးမဆို ချာတာနှင့်အညီပေးရမည်။” ကုလသမဂ္ဂချာတာ အပိုဒ် ၇ တွင် ဖော်ပြထားသည့်အတိုင်း လူ့အခွင့်အရေးကောင်စီသည် အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၀/၂၅၁အောက်တွင် ဖွဲ့စည်းထားသော ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့ အစည်းဖြစ်၍ ၎င်းဖွဲ့စည်းထားသော ယန္တရားများမှ ထုတ်ပြန်ချက်များကို ဆောင်ရွက်သော အပြုအမူအားလုံးသည် ချာတာနှင့်ကိုက်ညီသော ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များ ဖြစ်သည်။

FFM ကို ဖွဲ့စည်းသည့် လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၃၄/၂၂သည် မြန်မာနိုင်ငံအား FFM နှင့် ပူးပေါင်းဆောင်ရွက်ရန် အတိအလင်းတောင်းဆိုခဲ့ပါသည်။ FFM နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းသည် မြန်မာနိုင်ငံအတွင်း ဥပဒေကျင့်သုံးရာတွင် နောက်ဆက်တွဲအကျိုးဆက်များ မဖြစ်ပေါ်စေနိုင်သော်လည်း လူ့အခွင့်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွင် သံသယများ ဖြစ်ပွားစေနိုင်ပါသည်။

FFM နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုသည် စက်တင်ဘာလ ၁၉ ရက် နေပြည်တော်တွင် ပြောကြားခဲ့သော နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းနှင့် ကိုက်ညီပြီး စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်၊ “ခိုင်လုံသော သက်သေခံအထောက်အထား”ကို ရရှိစေရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လိုအပ်သလို ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အရေးကြီးဆုံးသော ပထမခြေလှမ်းများအဖြစ် FFM မြန်မာနိုင်ငံသို့ဝင်လာခြင်းကို ခွင့်ပြုရန် ဗီဇာရရှိမှုပိုမိုလွယ်ကူစေပြီး ခရီးသွားလာမှုကို ဆောင်ရွက်ပေးပြီး၊ မစ်ရှင်တွင် ပါဝင်ကူညီသောလူတိုင်းကို ခြိမ်းခြောက်မှုနှင့် ရန်နှင်းတုန့်ပြန်မှုတို့ခံရခြင်းမှကာကွယ်ရန် လိုအပ်သော အစီအမံများကို ချမှတ်ရန် လိုအပ်ပါမည်။

မြန်မာနိုင်ငံသည် မကြာသေးမီ လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကောင်းမွန်စွာစုံစမ်းစစ်ဆေးရန် မဆောင်ရွက်နိုင်သလို ဆောင်ရွက်ရန်ဆန္ဒလည်း မရှိပါ။ လူ့အခွင့်အရေး ချိုးဖောက်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးထားခြင်းသည် ထိုကဲ့သို့သော ချိုးဖောက်မှုများ ပိုမိုများလာစေသည်ကို ထည့်သွင်းစဉ်းစားလျက် စွပ်စွဲထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာစံချိန်များနှင့် ကိုက်ညီသော စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရန် FFM နှင့် အပြည့်အဝပူးပေါင်းဆောင်ဖို့ လိုအပ်ပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးကောင်စီ၊ သို့မဟုတ် ကုလသမဂ္ဂအထွေထွေညီလာခံ၊ သို့မဟုတ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ပေါ်ပေါက်လာနိုင်သော စွဲဆိုချက်များကိုလည်း လျော့ကျသွားစေမည် ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ရခိုင်ပြည်နယ်ရှိ အခြေအနေရပ်အား တုန့်ပြန်သည့်အနေဖြင့် ကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ၎င်းတွင် မြန်မာနိုင်ငံအစိုးရအား လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ကာကွယ်စောင့်ရှောက်ရန် တောင်းဆိုခဲ့ပါသည်။

၇။ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ လိုက်နာရမည့်တာဝန်ဝတ္တရားများကား အဘယ်နည်း။

အသက်ရှင်သန်ပိုင်ခွင့်နှင့် အခြားသော လူ့အခွင့်အရေးကာကွယ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံ့တာဝန်ဝတ္တရားနှင့်အညီ အစိုးရ၏အရေးကြီးဆုံးနှင့် လက်ငင်းဆောင်ရွက်ရမည့်တာဝန်မှာ ရိုဟင်ဂျာများကို အိုးအိမ်မဲ့ဖြစ်စေပြီး အခြေအနေမဲ့ဖြစ်စေသော အကြမ်းဖက်မှုများကို ရပ်တန့်စေရန်ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမှ မြန်မာအာဏာပိုင်များထံ ယခုဖြစ်ပွားလျက်ရှိသော ရိုဟင်ဂျာများအား နိုင်ငံမှထွက်ခွာရန်နှင့် ပြန်မလာနိုင်အောင် တွန်းအားပေးလျက်ရှိသော အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်စေရန် ဆင့်ဆိုခဲ့သည်။ NLD ခေါင်းဆောင်သော မြန်မာ့အစိုးရသည် ရိုဟင်ဂျာနှင့် ရခိုင်ပြည်နယ်ရှိ အခြားလူမျိုးစုများ၏အခွင့်အရေးနှင့် လုံခြုံရေးကို အလေးထားကာကွယ်ပေးမည့် ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်။ ထို့အပြင် တပ်မတော်နှင့် အခြားအာဏာပိုင်များအနေဖြင့် အကြမ်းဖက်မှုများ အမှန်စင်စစ် အဆုံးသတ်သွားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

အသက်ရှင်သန်ပိုင်ခွင့်ကို ကာကွယ်ရမည့် နိုင်ငံတော်၏လိုက်နာရမည့် တာဝန်ဝတ္တရား၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အစိုးရသည် အကြမ်းဖက်မှုနှင့် ရွှေ့ပြောင်းဒုက္ခသည်များကြုံတွေ့နေရသော လူများအားလုံးအတွက် လူသားခြင်း စာနာထောက်ထားမှုကို လက်လှမ်းမီပိုင်ခွင့်စသည့် လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်။

မိမိတို့မူလနေရပ် (ရွှေ့ပြောင်းမှုများ မဖြစ်ပွားမီ မိမိတို့နေထိုင်ခဲ့သည့်နေရပ်)သို့ ပြန်လည်လာရောက်ရန် ကြိုးပမ်းနေသည့် ဒုက္ခသည်အားလုံး လုံခြုံစွာ ဝင်ရောက်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှုမရှိဘဲ လုပ်ဆောင်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ သို့သော် လက်ရှိအခြေအနေတွင် ရာဇဝတ်မှုဆိုင်ရာနှင့် အခြားသောစုံစမ်းစစ်ဆေးမှုနှင့် လုပ်ထုံးလုပ်နည်းများအားဖြင့် ရိုဟင်ဂျာများအား အကြမ်းဖက်မှုများကို ဖြေရှင်းထားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားလျက်ရှိပါက လိုက်နာရမည့်တာဝန်များကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ကြောင်း တွေ့ရသည်။ နေရပ်သို့ ပြန်ရာကြသည့်ဖြစ်စဉ်တွင် နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ ဒုက္ခသည်အားလုံး လွတ်လပ်စွာ ရွှေ့ပြောင်းခွင့်နှင့် ကျန်းမာရေး၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုများအား အပြည့်အဝခံစားခွင့် ရှိရမည် (အထက်တွင်ကြည့်ပါ)။

ဒုက္ခသည်နှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ ပြန်လာခြင်းမှာ နိုင်ငံသားဖြစ်ခြင်းစိစစ်အတည်ပြုရေး ဖြစ်စဉ်နှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိစေရပါ။ ယခုဖြစ်ပွားလျက်ရှိသော နိုင်ငံသားခံယူမှုနှင့် ရွှေ့ပြောင်းဒုက္ခများမှာ ၁၉၈၂ နိုင်ငံသားဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းခဲ့သည့် လူသားအချင်းချင်း ခွဲခြားဆက်ဆံမှု ဆိုင်ရာပြဋ္ဌာန်းချက်နှင့် ဆက်နွယ်လျက်ရှိသည်။ သို့ရာတွင် အစိုးရအဆက်ဆက်မှ ယင်းဥပဒေကို ရခိုင်ပြည်နယ်ရှိ မွတ်စလင်များအတွက် ထိရောက်စွာ အသုံးမချနိုင်ခဲ့ခြင်းကြောင့် ရိုဟင်ဂျာအများစုမှာ မြန်မာနိုင်ငံသားအဖြစ် အသိမှတ်ပြုခြင်း မခံခဲ့ရပေ။ ယခင် ကုလသမဂ္ဂ အတွင်းရေးမှူးဖြစ်သည့် ကိုဖီအာနန်ခေါင်းဆောင်သော မြန်မာနိုင်ငံ ရခိုင်ဒေသဆိုင်ရာ အကြံပေးကော်မရှင်၏ လမ်းညွှန်ချက်အတိုင်း ၁၉၈၂ နိုင်ငံသားဆိုင်ရာဥပဒေကို လူသားအချင်းချင်း ခွဲခြားဆက်ဆံမှု ပပျောက်ရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိသည့် လူသားအားလုံးကို တန်းတူအခွင့်အရေးပေးမည့် ဥပဒေတစ်ရပ်အဖြစ် ပြင်ဆင်မွမ်းမံရန် လိုအပ်လျက်ရှိသည်။ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ ပြန်လာရေးနှင့် စပ်လျဉ်း၍ နေထိုင်မှု သက်သေခံအထောက်အထားနှင့် စာရွက်စာတမ်းလိုအပ်ချက်များမှာ သင့်တင့်လျောက်ပတ်မှုရှိရမည်ဖြစ်ပြီး ခွဲခြားမှု မရှိစေရပါ။

နိုင်ငံသားဖြစ်ခြင်း စိစစ်အတည်ပြုရေးဖြစ်စဉ်နှင့်ပတ်သက်သည့် ကိစ္စအားလုံးကို အကြံပေးကော်မရှင်၏ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံသားမဟုတ်သူများအတွက် အခွင့်အရေးများကိုလည်း ချက်ချင်း သတ်မှတ်ရန်လိုအပ်သည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ နိုင်ငံသားမဟုတ်သူများအနေဖြင့် မဲပေးခွင့်မရှိခြင်းကဲ့သို့သော ချွင်းချက်အနည်းငယ်မှအပ နိုင်ငံသားများနှင့်တန်းတူ လူ့အခွင့်အရေးရရှိရမည်ဖြစ်သည်။

ဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ အခြားသောလိုက်နာရမည့် တာဝန်ဝတ္တရားများကား အဘယ်တို့နည်း။

UDHR ၏အပိုဒ် ၁၃ (၂) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေပြဌာန်းချက်များအရ နိုင်ငံရေးဒုက္ခသည် အပါအဝင် လူတိုင်း မိမိတို့ တိုင်းပြည်/မူလနေရပ်သို့ ပြန်ခွင့် ရှိရမည်ဖြစ်သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)က "နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် "မိမိဆန္ဒအလျောက်ပြန်လာခြင်း" နှင့် ပတ်သက်သည့် အဓိကမူဝါဒမှာ မည်သူမဆို မိမိတို့မူလနေရာသို့ ပြန်ခွင့်ရှိရမည်။ ထိုအခွင့်အရေး၏ အကျိုးဆက်တစ်ရပ်အနေဖြင့် နိုင်ငံများသည် မိမိတို့နိုင်ငံသားများကို လက်ခံရမည်ဖြစ်ပြီး အခြားနိုင်ငံသားအဖြစ် အတင်းအဓမ္မ ခံယူစေခြင်းမပြုရ" ဟု ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံသားခံယူခွင့်နှင့် နေထိုင်ခွင့်ရရှိရေး၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုရရှိရေး၊ ဆိုးရွားစွာ ဆက်ဆံခြင်း မခံရရေး၊ လွတ်လပ်စွာရွှေ့ပြောင်းခွင့်နှင့် မိမိနေရပ်သို့ ပြန်ခွင့်ရရှိရေးစသည်တို့နှင့် စပ်လျဉ်းသည့် အခွင့်အရေးများကိုလည်း ဖော်ပြထားသည်။ မိမိနေရပ်သို့ ပြန်လာသူများသည် အလုပ်လုပ်ကိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးခံစားခွင့်၊ လူမှုဖူလုံရေးနှင့် လူမှုအကျိုးကျေးဇူးများ အပါအဝင် အခြေခံလူ့အခွင့်အရေးအားလုံးကိုလည်း ခံစားခွင့်ရှိရမည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအားဆန့်ကျင်သည့် အကြမ်းဖက်မှုများသည် ဖော်ပြပါ လူ့အခွင့်အရေးများနှင့် ဆန့်ကျင်လျက်ရှိသည်။

လက်ရှိဖြစ်ပွားလျက်ရှိသော ဖိစီးနှိပ်စက်မှုများ မရပ်မချင်း "မိမိဆန္ဒအလျောက် ပြန်လာခြင်း" အပါအဝင် ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာဒုက္ခသည်များအကြောင်း ဖော်ပြချက်အားလုံးမှာ ကျိုးကြောင်းမဆီလျော်ဘဲ ရှိနေဆဲဖြစ်သည်။ သို့သော် ထိုအကြမ်းဖက်မှုများများ ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံအပါအဝင် အခြားတိုင်းပြည်များသည် ဒုက္ခသည်များ မိမိတို့မူလနေရာသို့ ဘေးကင်းစွာပြန်သွားခွင့်ကို ချက်ချင်လက်ငင်း ဆောင်ရွက်သွားရန်လိုပြီး၊ အခြေအနေရပ်များသည် ထိုဦးတည်ချက်သို့ ပြောင်းလဲသွားခဲ့လျှင် နိုင်ငံများအနေဖြင့် ယခုပင် လျင်မြန်သောတုန့်ပြန်မှုများကို သေချာစေမည့် ဆောင်ရွက်ချက်များကို ကြောင်းကျိုးသင့်စွာချမှတ်သင့်သည်။

ဒုက္ခသည်များနှင့် ပတ်သက်သည့် ကိစ္စရပ်အားလုံးအတွက် UNHCR ၏ အခန်းကဏ္ဍမှာ အရေးပါလှသည်။ အစီအစဉ်များချမှတ်သည့် အဆင့်မှစတင်ကာ ရွှေ့ပြောင်းသူများကိစ္စရပ်နှင့်စပ်လျဉ်း၍ UNHCR သည် ပါဝင်ပတ်သက်ဆောင်ရွက်သင့်ပြီး ဒုက္ခသည်များ၏ အခွင့်အရေးအား လေးစားကာကွယ်ရေးကို သေချာစေရမည်ဖြစ်သည်။

ဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လာရေးကို ထိန်းကျောင်းပေးသည့် မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနှင့် နစ်နိုင်ငံဆိုင်ရာ ဥပဒေရေးရာမူဘောင်ကား အဘယ်နည်း။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရမှဆောင်ရွက်ရမည့် အဓိကလုပ်ငန်းသုံးရပ်ကို ထုတ်ဖော်ခဲ့သည်။ ၎င်းတို့မှာ (၁) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှေ့ပြောင်းသူများပြန်လာရေးနှင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာကို ထိရောက်စွာရိုင်းပင်းကူညီရေး (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ (၃) ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်ရေးတို့ဖြစ်သည်။

ယခင် အတွေ့အကြုံများအရ မြန်မာနိုင်ငံသို့ ဒုက္ခသည်များပြန်လာရာတွင် မိမိတို့ဆန္ဒအလျောက် ပြန်လာခြင်း ဖြစ်ရန်နှင့် နိုင်ငံတကာဥပဒေနှင့်ကိုက်ညီရန် အထူးလိုအပ်ကြောင်းတွေ့ရသည်။ ၁၉၉၂ နှင့် ၁၉၉၃ ခုနှစ်တို့တွင် UNHCR နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ဘင်္ဂလားဒေ့ရှ်မှဒုက္ခသည်များ မြန်မာနိုင်ငံသို့ မတတ်သာ၍ ရွှေ့ပြောင်းပေးခဲ့ရသည့် စိုးရိမ်ဖွယ်အခြေအနေများကို သုံးသပ်ဖော်ပြခဲ့သည်။ ၁၉၉၄ ခုနှစ် ပြန်လည်ကုစားမွမ်းမံမှု အစီအစဉ်တွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများက ပြန်လာခြင်းသည် မိမိတို့ဆန္ဒအလျောက် ဖြစ်စေရန်နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများ ပြုလုပ်ခဲ့ကြသည်။

ဒုက္ခသည်များနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ လူ့အခွင့်ရေးဥပဒေကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ပြည်တွင်းနှင့် နစ်နိုင်ငံဆိုင်ရာမူဘောင်ကို အောက်ပါအတိုင်း ဆွေးနွေးဖော်ပြထားပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်မှ ဒုက္ခသည်များပြန်လာရေး ဆောင်ရွက်ချက်များကို ၁၉၉၃ ခုနှစ် မြန်မာ - ဘင်္ဂလားဒေ့ရှ် သဘောတူညီမှုအရ အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဟု

ဆိုသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအာဏာပိုင်များက ဒုက္ခသည်များပြန်လာရေးဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့တစ်ခု ဖွဲ့စည်းသွားမည်ဟု ကြေညာခဲ့သည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ သံတမန်အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အဘူလ်ဟာဆန်မမွတ်အလီမှ ၁၉၉၂/၉၃ တွင် ချမှတ်ရေးဆွဲခဲ့သည့် အစီအစဉ်များမှာ လက်တွေ့မကျသဖြင့် ထပ်မံပြုပြင်ရန်လိုအပ်ကြောင်း အကြံပြုခဲ့သည်။

မြန်မာ့အာဏာပိုင်များသည် ဒုက္ခသည်များပြန်လာရေးနှင့် ပတ်သက်၍ မြန်မာ့ဥပဒေရေးရာမူဘောင် ဖွဲ့စည်းရန် အောက်ပါသဘောတူစာချုပ်များ အပါအဝင်ကို ရည်ညွှန်းခဲ့ကြသည်။

- ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ချမှတ်ခဲ့သော ဘင်္ဂလားဒေ့ရှ်-မြန်မာ ပူးတွဲထုတ်ပြန်ချက်။
- ၁၉၉၃ ခုနှစ် မေလ ၅ရက် တွင် ဘင်္ဂလားဒေ့ရှ်နှင့် UNHCR တို့အကြား ချုပ်ဆိုခဲ့သော နားလည်သဘောတူညီမှု စာချွန်လွှာ။
- ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် မြန်မာနှင့် UNHCR တို့အကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာ။
- ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံအကြား ချုပ်ဆိုခဲ့သော နှစ်နိုင်ငံသဘောတူစာချုပ် (သို့မဟုတ် စာချုပ်များ)။

အထက်တွင်ဖော်ပြခဲ့သည့် သဘောတူစာချုပ်များအနက် ၁၉၉၂ ဘင်္ဂလားဒေ့ရှ်-မြန်မာ သဘောတူစာချုပ်တစ်ခုသာ လူထုမှရယူဖတ်ရှုနိုင်သည့် စာရွက်စာတမ်းဖြစ်သည်။ ၁၉၉၃ တွင် ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာများမှာ ၁၉၉၂ ပူးတွဲထုတ်ပြန်ချက်အပေါ်တွင် အခြေခံထားဖွယ်ရှိသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် ကျင်းပခဲ့သော မြန်မာ-ဘင်္ဂလားဒေ့ရှ် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးဝန်ကြီး ကျော်တင့်ဆွေကလည်း ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့သော နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို ရည်ညွှန်းခဲ့သည်။ သို့ရာတွင် ၎င်းစာချုပ်ပါ အကြောင်းအရာများမှာ လူထုမှရယူဖတ်ရှုနိုင်သည့် အကြောင်းအရာများ မဟုတ်ခဲ့ပေ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် မြန်မာနိုင်ငံတော်အစိုးရမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ နားလည်မှုစာချွန်လွှာနှစ်ခုကို လက်မှတ်ရေးထိုးရန် ကြေညာခဲ့သည်။ တစ်ခုသည် 'လုံခြုံရေးဆိုင်ရာဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု' ဖြစ်ပြီး၊ နောက်တစ်ခုမှာ နှစ်နိုင်ငံအကြား 'နယ်စပ်ဆက်ဆံရေးရုံးများဖွဲ့စည်းရေး' နှင့် ဆက်စပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များပြန်လာရေးမှာ ရိုဟင်ဂျာများအား ဖိစီးနှိပ်စက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိခြင်းနှင့် ယင်းအချက်ကို မြန်မာအာဏာပိုင်များမှ ငြင်းဆိုနေခြင်းတို့ကြောင့် ကျိုးကြောင်းမဆီလျော်ဘဲ ရှိနေသည်။ ထို့ကြောင့် လက်တွေ့ကျ၍ လတ်တလော ဖြေရှင်းရန်လိုအပ်လျက်ရှိသော ပြဿနာများ ကျန်ရှိနေသေးသည်။ ၁၉၉၂ ဘင်္ဂလားဒေ့ရှ်-မြန်မာ ပူးတွဲစာချုပ်တွင် နိုင်ငံသားဖြစ်ကြောင်း အထောက်အထား၊ မြန်မာနိုင်ငံတွင် နေထိုင်ကြောင်း အထောက်အထားကဲ့သို့သော ပြန်လာခွင့်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ ဖော်ပြထားသည်။ သို့ရာတွင် မြန်မာအစိုးရအဆက်ဆက်တွင် ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည့် ရိုဟင်ဂျာမွတ်စလင်များမှာ ထိုသို့သော တရားဝင်စာရွက်စာတမ်းများ မရှိခဲ့သဖြင့် ဖော်ပြပါသဘောတူစာချုပ်အရ ပြန်လာခွင့်ရရန် မဖြစ်နိုင်ပေ။ တရားဝင်စာရွက်စာတမ်းများ ပိုင်ဆိုင်ထားသော ရိုဟင်ဂျာဒုက္ခသည်များမှာလည်း မြန်မာအာဏာပိုင်များထံ ဥပဒေဘောင်ဝင်ခွင့်နှင့် ပတ်သက်သည့်ပြဿနာများ ရင်ဆိုင်ရဆဲဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ လ ၁၁ ရက်တွင် UNHCR Information Section မှ ထုတ်ဝေခဲ့သည့် ဒုက္ခသည်များပြန်လာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ဒုက္ခသည်များအား သင့်တော်သည့် စာရွက်စာတမ်းများကို UNHCR-မြန်မာ နားလည်သဘောတူမှု စာချွန်လွှာအရ လိုအပ်သလို ထုတ်ပေးရမည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ယင်းစာချုပ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ မရှိခြင်း၊ ဒုက္ခသည်များပြန်လာရေးနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ခွဲခြားဆက်ဆံမှုများ ရှိနေခြင်းတို့ကြောင့် ထိုသို့သော စာရွက်စာတမ်းများမှာ ပြန်လာမည့်ဒုက္ခသည်များပြဿနာကို ရေရှည်အတွက် ဖြေရှင်းရန် မလုံလောက်ဘဲ ရှိနေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံသို့ပြန်လာမည့် ဒုက္ခသည်များအရေးသည် နိုင်ငံသားဖြစ်ကြောင်း အထောက်အထားပြသခြင်းနှင့် တိုက်ရိုက်ဆက်နွယ်မှုမရှိရန် လိုအပ်သည်။

ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ အခြားတာဝန်ဝတ္တရားများကား အဘယ်သို့နည်း။

၁၉၉၈ ခုနှစ် ကုလသမဂ္ဂ ပြည်တွင်းရွှေ့ပြောင်းခံရမှုအပေါ် လမ်းညွှန်အခြေခံမှုများတွင် ပြည်တွင်းရွှေ့ ပြောင်း ဒုက္ခသည်များဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများ၊ ယေဘုယျဖြစ်သော အကြမ်းဖက်မှု အခြေအနေများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သို့မဟုတ် သဘာဝကြောင့်လည်းကောင်း လူတို့၏ ပြုလုပ်မှုကြောင့် လည်းကောင်း ပေါ်ပေါက်သည့် ဘေးအန္တရာယ်များကြောင့် ၄င်းတို့၏နေအိမ်များ၊ သို့မဟုတ် အမြဲနေထိုင်သည့် ဒေသခံတို့၏နေရာများမှ မဖြစ်မနေ စွန့်ခွာပေးရန်၊ သို့မဟုတ် ထွက်ပြေးရန် အတင်းအကျပ် စေခိုင်းခံရသောလူများ၊ သို့မဟုတ် လူအစုအဖွဲ့များနှင့် နိုင်ငံတကာမှအသိအမှတ်ပြုထားသည့် နယ်စပ်စည်းမျဉ်းကို မဖြတ်ကျော်ခဲ့ကြသူများဟု သတ်မှတ်ထားပါသည် (အခြေခံမှု ၂)။ ထို့ကြောင့် ပြည်တွင်းရွှေ့ပြောင်းပုဂ္ဂိုလ်များ (IDPs) သည် ဒုက္ခသည်များ မဟုတ်ကြပါ။

လမ်းညွှန်အခြေခံမှုများကို လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူတို့ပြု လုပ်မှုကြောင့်ဖြစ်ပေါ်သည့် ဘေးအန္တရာယ်များကြောင့် ပြည်တွင်းရွှေ့ပြောင်းခံရသည့်ဒုက္ခသည်တို့၏ အခွင့်အရေးများ အားရည်ညွှန်းပြီး နိုင်ငံတကာစံချိန်စံညွှန်းများဖြင့် သတင်းအချက်အလက်များ စုဆောင်းထားပါသည်။ အဆိုပါ အခွင့် အရေးများသည် ၄င်းတို့၏ တရားဝင်နိုင်ငံသား အဆင့်အတန်းနှင့် မသက်ဆိုင်ဘဲ ပြည်တွင်းရွှေ့ပြောင်းခံရသည့်ပုဂ္ဂိုလ် များ ပိုင်ဆိုင်ပါသည်။

လမ်းညွှန်အခြေခံမှုများ၏ အခြေခံမှု ၂၅ သည် ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူသားချင်းစာနာသော အထောက်အပံ့ များပေးနိုင်ရန်နှင့် လူသားချင်းစာနာသော အထောက်အပံ့အတွက် သဘောတူညီချက်ကို မတရားဆုပ်ကိုင်ထားခြင်း မပြုရန် နိုင်ငံ၏တာဝန်ဝတ္တရား၊ အထူးသဖြင့် အာဏာပိုင်များသည် အဆိုပါအထောက်အပံ့များပေးရန် မတတ်နိုင်ခြင်း၊ သို့မဟုတ် ဆန္ဒမရှိသောအခါ နိုင်ငံတကာ လူသားချင်းစာနာသောအဖွဲ့အစည်းများ၏ အခွင့်အရေးကို ထပ်မံအတည်ပြု ထားပါသည်။

အခြေခံမှု ၂၈ သည် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များတွင် ၄င်းတို့မူလနေထိုင်ရာနေရာသို့ ပြန်သွားပိုင်ခွင့် နှင့် အစိုးရအာဏာပိုင်များသည် ၄င်းအခွင့်အရေးကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည် " အခွင့် အာဏာရှိသော အာဏာပိုင်အဖွဲ့အစည်းများသည် အခြေအနေများတည်ထောင်ပေးရန် ထိုနည်းတူ ပြည်တွင်းရွှေ့ပြောင်း ပုဂ္ဂိုလ်များအား ဘေးကင်းလုံခြုံစွာ ဂုဏ်သိက္ခာရှိစွာဖြင့် ဆန္ဒအလျောက် ၄င်းတို့၏ မူလနေထိုင်ရာနေအိမ်များ၊ သို့မ ဟုတ် နေရာများ၊ သို့မဟုတ် နိုင်ငံ၏အခြားနေရာများတွင် ဆန္ဒအလျောက်ပြန်လည်အခြေချနိုင်ရန် အဆိုပါနည်းလမ်း များကို ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။ ၄င်းအာဏာပိုင်အဖွဲ့အစည်းများသည် ပြည်တွင်းရွှေ့ပြောင်းပုဂ္ဂိုလ်များ ပြန်လည် အခြေချနိုင်ရေး၊ သို့မဟုတ် နေရပ်ပြန် ပြန်လည်ပေါင်းစည်းနိုင်ရေး လွယ်ကူချောမွေ့စေရန် ကြိုးပမ်းအားထုတ်သင့် ပါသည်" ဟု အတည်ပြုထားပါသည်။

ဒုက္ခသည်စခန်းများ၊ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်နေရာချထားရေးများအတွက် အစိုးရစီမံချက်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ကိုးကားချက်အပါအဝင် ဒုက္ခသည်များနှင့် အိုးအိမ်မဲ့ပုဂ္ဂိုလ်များအတွက် ၄င်း၏တာဝန်ဝတ္တရာများနှင့် လိုက်လျောညီထွေ ဖြစ်ပါသလား။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အိုးအိမ်မဲ့ပုဂ္ဂိုလ်အားလုံးသည် ၄င်းတို့၏နေအိမ်များနှင့် အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်း လုပ်ရှားမှုများတွင်ပါဝင်ရန်နှင့် ၄င်းတို့၏မူလနေရာများသို့ ဘေးကင်း လုံခြုံစွာ ပြန်နိုင်ရန် နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများအတိုင်း ဖြစ်သင့်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် လူ့အခွင့် အရေးချိုးဖောက်မှုများတွင် လုံလောက်သော အသိအမှတ်ပြုမှုနှင့် တုန့်ပြန်မှုမရှိသည့် အစိုးရ၏ သာမန်စီမံချက်များ သည် ဒုက္ခသည်များအတွက် မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အတူ တစ်သမတ်တည်း မဖြစ်နိုင်ပါ။

ဆက်လက်ဖြစ်ပွားနေသော ချိုးဖောက်မှုများသည် လျှင်မြန်စွာ ပြီးဆုံးခဲ့ပြီး ပြုပြင်မှုများနှင့် တရားစီရင်မှုလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်ဟု ယူဆလျှင်ပင် စက်တင်ဘာလအတွင်း မီဒီယာတွင် ပထမဆုံးဖော်ပြခဲ့သည့် အစိုးရစီမံချက် တစ်ခုသည် အိုးအိမ်မဲ့ရိုဟင်ဂျာများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့သည့် ရိုဟင်ဂျာဒုက္ခသည်များအား

လက်ခံထားရှိရန် ဒုက္ခသည်စခန်းအသစ်များ တည်ဆောက်ရန် အလားအလာရှိပြီး ရွှေ့ပြောင်းခံရဖို့ သင့်လျော်ညီမျှသော၊ သို့မဟုတ် ခိုင်ခံ့သော ဖြေရှင်းချက်မဖြစ်နိုင်ပါ။ ဖြစ်ပျက်နေသော ချိုးဖောက်မှုများအား လျင်မြန်စွာအဆုံးသတ်ပြီး ကုစားမှုများနှင့် တရားစီရင်မှုလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သည်ဟု ယူဆထားရလင့်ကစား၊ စက်တင်ဘာလတွင် မီဒီယာ၌ ကနဦးသတင်းဖော်ပြထားချက်အရ ရွှေ့ပြောင်းတိမ်းရှောင်ရသော ရိုဟင်ဂျာများကို နေရာချပေးရန်အတွက် ဒုက္ခသည်စခန်းသစ်များ တည်ဆောက်ပေးရန်နှင့် ဘင်္ဂလားဒေ့ရှ်မှ ပြန်ရောက်လာသည့် ရိုဟင်ဂျာဒုက္ခသည်များကို နေရာချထားပေးရန်အတွက် အစိုးရအစီအမံတစ်ရပ်သည် နေရာပြောင်းရွှေ့မှုအတွက် သင့်လျော်သော၊ သို့မဟုတ် ခိုင်မာသောဖြေရှင်းချက် ဖြစ်လာစေလိမ့်မည် မဟုတ်ပါ။ မိမိတို့၏နေအိမ်များသို့ ပြန်လာရန် ခွင့်ပြုခြင်းရရှိသည့် ရိုဟင်ဂျာ မဟုတ်သူများ ရှိနေပြီး၊ ၎င်းတို့အား ထိုသို့လုပ်ဆောင်ရန် အစိုးရမှပံ့ပိုးမှုများ ရရှိသည်သော်လည်း၊ ရိုဟင်ဂျာများမှာမူ နေရပ်သို့ပြန်လာရန် တားမြစ်ခံနေရသည်ကို ထောက်ဆလျှင် ယင်းအစီအမံနှင့် လုပ်ရိုးလုပ်စဉ်တို့သည် ချမှတ်ပြီးဖြစ်သော နိုင်ငံတကာ ဥပဒေဆိုင်ရာခွဲခြား ဆက်ဆံမှုကင်းမဲ့ရေးမူကို ရှင်းရှင်းလင်းလင်း ချိုးဖောက်လျက်ရှိနေပါသည်။

အစိုးရအနေဖြင့် ဒုက္ခသည်စခန်းသစ်များ တည်ဆောက်ခြင်းသည် ရှည်ကြာပြီး လက်မခံနိုင်သော နေရာပြောင်းရွှေ့မှု အကြပ်အတည်းတစ်ရပ် နောက်ဆက်တွဲဖြစ်လာမည်ကို စိုးရိမ်သဖြင့် သက်သာလျော့ပါးမှု ရှိစေရန်အတွက် စီမံကိန်းတစ်စုံတစ်ရာကိုမျှ တင်ဆက်မှု မပြုခဲ့သေးပါ။ ၂၀၁၂ ခုနှစ်တွင် ရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၁၄၀၀၀၀ သည် ဒုက္ခသည်စခန်းများတွင် တည်ရှိနေဆဲဖြစ်ပြီး ဆက်လက်ဖြစ်နေသော ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကြုံတွေ့နေရရာ နိုင်ငံတော်မှလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ တာဝန်များကို ချိုးဖောက်လျက်ရပြီး လမ်းညွှန်ချက်အခြေခံမူ တိတိကျကျဆိုရသော် မူ ၁၂(ခ) နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရသည်။ ယင်းလမ်းညွှန်ချက်အခြေခံမူတွင် IDP များကို "ဒုက္ခသည်စခန်းတစ်ခုတွင် အကျယ်ချုပ်ထားရှိခြင်း၊ သို့မဟုတ် အကျဉ်းချထားခြင်း မပြုရ။ ခြွင်းချက်ကျသော အခြေအနေများဖြစ်လာ၍ ထိုသို့သော အကျယ်ချုပ်ထားခြင်း၊ သို့မဟုတ် အကျဉ်းချထားခြင်းသည် လုံးဝလိုအပ်ချက်ဖြစ်လာခဲ့သော ယင်းအခြေအနေရပ်များအားဖြင့် သတ်မှတ်ထားသည့် အချိန်ကာလထက် ပို၍ ကြာရှည်မှုမရှိစေရ"ဟု ဖော်ပြထားသည်။ အခြေအနေသည် လမ်းညွှန်ချက်အခြေခံမူများရှိ မူ ၁၄ နှင့်လည်း ကိုက်ညီမှု မရှိပါသည်။ ယင်းအခြေခံမူတွင် "(က) IDP တစ်ဦးချင်းစီတွင် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာမိမိနေထိုင်ရာကို ရွေးချယ်ခွင့်ရှိသည်။ (ခ) အထူးသဖြင့် IDP များတွင် ဒုက္ခသည်စခန်းများအတွင်းနှင့် အပြင်ဘက်၊ သို့မဟုတ် အခြား နေရာချထားခြင်းများတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ရှိသည်။"

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်သူ ဒေါက်တာဝင်းမြတ်အေးမှ 'ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ' (ဤအခြေအနေတွင် တရားဝင် အသုံးအနှုန်း မဟုတ်သေးပါ) ကို မောင်တောမြို့နယ်တွင် အစိုးရ၏ စီမံခန့်ခွဲမှုအောက်၌ ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ (ဒေါက်တာဝင်းမြတ်အေးသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်အပေါ် ထောက်ခံအကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အောင်ဆန်းစုကြည်မှ အသိပေးကြေညာခဲ့သည့် အသစ်ဖွဲ့စည်းထားသော ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ပါသည်။)၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာတွင် ထုတ်ဝေခဲ့သည့် အင်တာဗျူးတစ်ခုတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်အရ ပြန်လည်ထူထောင်ရေးလှုပ်ရှားမှုများကို ၂၀၁၃ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် ၎င်း၏နည်းဥပဒေသ၊ ၂၀၁၅ သဘောဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ 'မီးရှို့ခံရသည့် မြေများ'ကို သဘာဝဘေးထိခိုက်မှုကြောင့်ဖြစ်ကြောင်း မှတ်ယူသည်ကို အခြေခံကြောင်း မှတ်ချက်ချခဲ့ပါသည်။ 'ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ' ဟူသည် ဥပဒေရေးရာအသုံးအနှုန်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေတွင် မရှိကြောင်း မှတ်သားစေချင်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ ပုဒ်မ ၄ အရ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီကိုဖွဲ့စည်းပြီး၊ ၎င်းကို ဒုတိယသမ္မတဟင်နရီဗန်ထီးယူမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါသည်။ ပုဒ်မ ၃ တွင် ပါဝင်သော ဤဥပဒေ၏ဦးတည်ချက်များသည် သဘာဝဘေးကြောင့် ထိခိုက်ခံရသူများအား သဘောဝဘေးကာလ ပြီးဆုံးပြီး

နောက် မိမိတို့နေရပ်သို့ပြန်သွားကာ မိမိတို့ပိုင်ဆိုင်မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုများကို ပြန်လည်တည်ဆောက်နိုင်ရန် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုန့်ပြန်မှုများကို ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ယင်းဦးတည်ချက်များနှင့်အညီ ဆောင်ရွက်ရန် သေချာစေရပြီး၊ ပုဒ်မခွဲ (င) အရ အာဏာပိုင်များသည် ထိခိုက်ခံရသူများအတွက် ပို၍ကောင်းသော နေထိုင်မှုအခြေအနေများ ရရှိစေမည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များကို စီစဉ်ပေးရန် တာဝန်ရှိပါသည်။ ယင်းဦးတည်ချက်များသည် လမ်းညွှန်ချက်အခြေခံမူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှုရှိနေပြီး၊ IDP များ ၎င်းတို့၏ ပိုင်ဆိုင်မှုကို ပြန်လည်ရရှိစေရန်၊ သို့မဟုတ် သင့်လျော်သော အလျော်အစား၊ သို့မဟုတ် ပြန်လည်ကုစားမွမ်းမံမှု (အထက်တွင် ကြည့်ပါ) ကို ရရှိစေရေးအတွက် ကူညီပေးရမည့် အာဏာပိုင်များ၏ တာဝန်ကို ပြန်လည်အတည်ပြုပေးပါသည်။ တချိန်တည်းမှာပင် ချိုးဖောက်မှုများသည် ထွက်ပြေးတိမ်းရှောင်ရွှေ့ပြောင်းမှုများ ဆက်လက်ဖြစ်ပေါ်နေစေပါက အထက်တွင်ဖော်ပြခဲ့သည့် အကြောင်းရင်းများအတွက် ထိုသို့သော ဆောင်ရွက်ချက်များကို လမ်းညွှန်ချက်အခြေခံမူများနှင့်အညီ မည်သို့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ကို သိရှိရန်မှာ ခက်ခဲလှပေသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အောင်ဆန်းစုကြည်မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ မိန့်ခွန်းအရ အစိုးရအနေဖြင့် ပြန်လည်နေရာချထားခြင်းကို ပြန်လည်ထူထောင်ရေးနှင့် ချိတ်ဆက်လျက်ဆောင်ရွက်ပေးမည်ကို ထပ်လောင်းအတည်ပြုပေးပါသည်။ နိုင်ငံတော်မှထားရှိသည့် ကတိကဝတ်နှင့် အညီသော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ဦးတည်ချက်များနှင့် အညီသော်လည်းကောင်း အာဏာပိုင်များမှ စီမံခန့်ခွဲထားသည့် မြေယာကို ထိခိုက်ခံရသူများထံသို့ ပြန်လည်ပေးအပ်သင့်ပြီး သိမ်းယူမှုမပြုရပါ။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေများအရ သဘောဝဘေးဖြစ်ပြီးနောက် မြေယာအသုံးချမှု၊ သို့မဟုတ် ပိုင်ဆိုင်မှုအား နိုင်ငံတော်သို့ လွှဲပြောင်းရန် မသတ်မှတ်ထားပါ။

'မီးလောင်ကျွမ်းသည့်မြေများ'အား 'သဘာဝဘေးအန္တရာယ်' ကြောင့်ဖြစ်သည့်အရာအဖြစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ နယ်ပယ်အတွင်း ကျရောက်နိုင်ပါသော်လည်း မီးရှို့ဖျက်ဆီးမှုပြုသည့် ရာဇဝတ်မှုကိုမူ မီးရှို့ဖျက်ဆီးခံရသည့် မြေယာနှင့်ပိုင်ဆိုင်မှုများအား ပြန်လည်ထူထောင်ရေး၊ သို့မဟုတ် ပြန်လည်တည်ဆောက်ရေးအတွက် သီးခြားကိစ္စရပ်အဖြစ် ကိုင်တွယ်ဖြေရှင်းရပါမည်။

(ဤအစီရင်ခံစာအား အစပျိုးရေးသားသည့်အချိန်မှစ၍ ရိုဟင်ဂျာများ ယခင်ကနေထိုင်ခဲ့သည့် မြေယာသို့ မိမိတို့ ပြန်လည်ရောက်ရှိခွင့် မရှိစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်အမျိုးအစားခွဲခြား သတ်မှတ်မှုပြုရန် လုပ်ငန်းစဉ်တစ်ရပ်အား ပံ့ပိုးလိမ့်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ရှိ အမြင့်ဆုံး GDA ရာထူးအဆင့်ကို ကိုင်ဆောင်ထားသည့် တင်မောင်ဆွေမှ ၎င်း၏နိုင်ငံ့အတွင်းဝန်အဖြစ် ပြောဆိုခွင့်အတွင်း ပြောကြားခဲ့ကြောင်း သတင်းအစီရင်ခံမှု ရရှိထားပါသည်။)

၈။ ဒုက္ခသည်များနှင့်စပ်လျဉ်းပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံများ၏ တာဝန်များမှာ မည်သည်တို့ ဖြစ်မည်နည်း။

ဒုက္ခသည်များ၏ ဖြစ်ရပ်သည် ဒေသတစ်ခုလုံးကို သက်ရောက်မှုရှိသည်။ ဒေသတွင်းနှင့် ဒေသပြင်ဘက်ရှိ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ညှဉ်းပန်းနှိပ်စက်မှုမှ ထွက်ပြေးလာသော ရိုဟင်ဂျာများကို မိမိတို့ဒေသအတွင်း လာရောက်ခိုလှုံမှုကို တားဆီးခြင်းမရှိဘဲ လက်ခံသင့်ပါသည်။ လူသားအားလုံး၏ လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် လေးစားအသိအမှတ်ပြုရန် နိုင်ငံအားလုံးလိုက်နာရမည့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေစွာ မြန်မာနိုင်ငံမှလာသော ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အပြည့်အဝခွင့်ပြုပေးရမည် ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေနှင့် နိုင်ငံတကာ ဒုက္ခသည်ဆိုင်ရာ ဥပဒေအရ ဒုက္ခသည်လက်ခံသော နိုင်ငံများသည် ဒုက္ခသည်များအား ကာကွယ်မှုပေးရမည်ဖြစ်ပြီး အထူးသဖြင့် မိမိနေရပ်ကို အတင်းအကျပ် ပြန်သွားစေခြင်းမှ ကာကွယ်ပေးရမည် ဖြစ်သည်။

မိမိနေရပ်ကို အတင်းအကျပ်ပြန်မသွားစေခြင်းမူသည် မိမိတို့အသက်နှင့် လွတ်လပ်ခွင့်များကို ထိပါးခြိမ်းခြောက်ခံရမည့်နေရာသို့ ဒုက္ခသည်တစ်ဦးတစ်ယောက်ကို ပြန်သွားစေခြင်း၊ သို့မဟုတ် အတင်းမောင်းထုတ်ခြင်းမှ တားဆီးပေးပါသည်။ မိမိနေရပ်ကို အတင်းအကျပ် ပြန်မသွားစေခြင်းမူသည် နိုင်ငံတကာဓလေ့ထုံးတမ်း ဥပဒေတစ်ခုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ကဲ့သို့ ၁၉၅၁ ဒုက္ခသည်သမ္မဂ၏ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအပါအဝင် နိုင်ငံတကာမှ နိုင်ငံအဖွဲ့အစည်းများအားလုံးက လိုက်နာရန် စည်းနှောင်မှုရှိသည့် ဥပဒေတစ်ခုဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ မိမိနေရပ်ကို အတင်းအကျပ် ပြန်မသွားစေခြင်းမူသည် မိမိတို့၏အသက်ကို ရန်ရှာနိုင်မည့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ နာကျင်စေရန်နှိပ်စက်ခြင်း၊ သို့မဟုတ် အခြားကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်ခံရမည့် အခြေအနေဖြစ်ပေါ်စေရန် အခြားသော စီရင်ပိုင်ခွင့် အာဏာတစ်ခုအတွင်းသို့ မအပ်နှံရန်တားမြစ်ထားသည့် လိုက်နာရမည့် တာဝန်တစ်ရပ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေဆဲဖြစ်သော ရိုဟင်ဂျာများအား ညှဉ်းပန်းနှိပ်စက်နေမှုနှင့် စပ်လျဉ်း၍ ဒုက္ခသည်များအား မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတစ်နိုင်ငံမှ ဒုက္ခသည်များ၏ဆန္ဒမပါဘဲ ပြန်ပို့မည်ဆိုလျှင် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ အမြဲတားမြစ်ထားသော မိမိနေရပ်ဆီသို့ အတင်းအကျပ်ပြန်သွားစေခြင်းကို ကျူးလွန်မိမည် ဖြစ်သည်။

ရခိုင်ပြည်နယ်၏ အနီးဆုံးနိုင်ငံအနေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၉၁ မှ ကြာရှည်ဖြစ်ပွားလာခဲ့သော နယ်စပ်ဒေသရှိ ဒုက္ခသည်ပြဿနာအပေါ် နောက်ထပ် ဒုက္ခသည်ထွက်ပြေးမှုတစ်ရပ်ကို ထပ်မံမွေးဖွားပေးလိုက်ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၁ တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ် ရှိခ်ဟာစီနာက ကုလသမဂ္ဂအစည်းအဝေးတွင် သူမ၏နိုင်ငံသည် မြန်မာနိုင်ငံမှ အတင်းအကျပ်မောင်းထုတ်သည်ဟုထင်ရသော ဒုက္ခသည် ၈၀၀၀၀၀ ကို လက်ခံထားရကြောင်းနှင့် ထိုဒုက္ခသည်များထဲမှ တစ်ဝက်ကျော်သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ မှ တတိယအပတ်ဝန်းကျင်တွင် ပြည်ဝင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အစီရင်ခံစာပါအချက်များကိုလည်း အပြည့်အဝ အကောင်အထည်ဖော်ပေးရန် တောင်းဆိုခဲ့သည်။

ရိုဟင်ဂျာများအား ညှဉ်းပန်းနှိပ်စက်မှု ရပ်တန့်သွားသည့်အခါ မိမိနေရင်းဒေသသို့ပြန်ပို့မှုကို ထည့်သွင်းစဉ်းစားရန် အကျိုးအကြောင်း သင့်လျော်မည်ဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ၁၉၉၀ ခုနှစ်အစောပိုင်းဝန်းကျင် မြန်မာနိုင်ငံသို့ ဒုက္ခသည်များ ပြည်တော်ပြန်ပို့ခြင်းနှင့် စပ်လျဉ်း၍ နေရင်းတိုင်းပြည်သို့ အတင်းအကျပ်ပြန်ပို့ခြင်းနှင့် ဖိအားပေးခြင်းဆိုင်ရာ အဖြစ်အပျက်များအကြောင်း ပြောကြားရာမှ ရရှိသော သင်ခန်းစာများကို ဘင်္ဂလားဒေ့ရှ်အနေနှင့် ပြန်လည်သုံးသပ်ရန် လိုအပ်ပါမည်။ ၁၉၉၃ သဘောတူညီမှုများကို အကောင်အထည်ဖော်ခြင်း၏ ပြဿနာများနှင့်စပ်လျဉ်း၍ ဒုက္ခသည်များ ပြည်တော်ပြန်ပို့ခြင်းကိစ္စရပ်များကို ဆက်လက်မဆောင်ရွက်ခင် နိုင်ငံတကာဥပဒေနှင့်ကိုက်ညီသည့် ပြန်လည်ပြင်ဆင်ထားသော ဥပဒေမူတစ်ရပ်ရှိရန် လိုအပ်ပါမည်။ အထက်က ပြောကြားခဲ့သည့်အတိုင်း ဒုက္ခသည်များအားလုံး၏ လူ့အခွင့်အရေးများကို လေးစားအသိအမှတ်ပြုရန်နှင့် ကာကွယ်ရန် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီသည်လည်း ပါဝင်ရမည် ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ကဲ့သို့ပင် အိန္ဒိယသည် ၁၉၅၁ ဒုက္ခသည်သမဂ္ဂ၏ အဖွဲ့ဝင်မဟုတ်သော်လည်း မိမိနေရပ်ကို အတင်းအကျပ် ပြန်မသွားစေခြင်းမူ၏ နိုင်ငံတကာ ထုံးတမ်းဥပဒေများကိုလိုက်နာရန် တာဝန်ရှိပြီး ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ CRC (ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်)၊ CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ဆိုင်ရာသဘောတူစာချုပ်) အပါအဝင် အခြားလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များစွာတို့၏ အဖွဲ့ဝင်ဖြစ်နေမှုကြောင့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်များရှိသည်။ ယခုအခါ အိန္ဒိယနိုင်ငံ၏ တရားလွှတ်တော်ချုပ်သည် ရိုဟင်ဂျာမူစလင်ဒုက္ခသည်များကို မြန်မာနိုင်ငံပြန်ပို့ရန် ဥပဒေမူဝါဒတစ်ရပ်ထုတ်ပြန်ရန် ထည့်သွင်းစဉ်းစားနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ရှိ မူစလင်များအား ညှဉ်းပန်းနှိပ်စက်မှုနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံမှ ဒုက္ခသည်များကို အတင်းအကျပ်ပြန်ပို့ခြင်းသည် မိမိနေရပ်ကို အတင်းအကျပ်ပြန်သွားစေခြင်းမူကို ကျူးလွန်မိမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံအနေနှင့် မိမိတွင်လိုက်နာရန် တာဝန်ရှိသော နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်လာမည် ဖြစ်သည်။

ဒေသတွင်းရှိ အခြားနိုင်ငံများဖြစ်သော ဩစတေးလျအပါအဝင် ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်အတွင်း ရှိဟင်ဂျာဒုက္ခသည်များ (အခြားဒုက္ခသည်များနှင့် ခိုလှုံသူများကဲ့သို့) ကို နိုင်ငံတကာ လူ့အခွင့်အရေးနှင့် ဒုက္ခသည်ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးရမည် ဖြစ်သည်။ ၁၉၆၇ ဒုက္ခသည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဒုက္ခသည်များအခြေအနေနှင့်စပ်လျဉ်းသော နောက်ဆက်တွဲစာချုပ်တို့၏ အဖွဲ့ဝင်ဖြစ်သော ဩစတေးလျ နိုင်ငံသည် ဒုက္ခသည်များ၏ ပြည်ဝင်ခြင်း (သဘောတူညီချက်ကွန်ဗင်းရှင်း၏ အပိုဒ်ခွဲ ၃၁) နှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ပေး ခြင်း၊ သို့မဟုတ် ကန့်သတ်ခြင်းမလုပ်ရဘဲ သူတို့၏ အလုပ်အကိုင်၊ ပညာရေးနှင့် အခြားလူ့အခွင့်အရေးများကို လေးစား အသိအမှတ်ပြုရန် တာဝန်ရှိသည်။

ကိုးကားချက်များ

ဤရှင်းလင်းချက်မှတ်စုတိုတွင် ဆွေးနွေးထားသော ပြည်တွင်းဥပဒေများ :

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ
- မြန်မာ့ရာဇဝတ်ကျင့်ထုံးဥပဒေ
- မြန်မာ့ရာဇသတ်ဥပဒေ
- မြန်မာ့ရဲလက်စွဲ
- ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ
- ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ
- ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် ၁၉၉၇ မြန်မာနိုင်ငံရဲစည်းကမ်း ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
- ၂၀၁၀ ခုနှစ်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ
- ၂၀၁၀ခုနှစ်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ
- ၂၀၁၃ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ
- ၂၀၁၄ခုနှစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ
- ၂၀၁၅ခုနှစ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနည်းဥပဒေ

International law and standards discussed in this Note:

- 1945 Charter of the United Nations;
- 1948 Universal Declaration of Human Rights;
- 1948 Convention on the Prevention and Punishment of the Crime of Genocide;
- 1949 First Geneva Convention, 1949 Second Geneva Convention, 1949 Third Geneva Convention, 1949 Fourth Geneva Convention.
- 1951 Refugee Convention and the 1967 Protocol relating to the Status of Refugees;
- 1966 International Covenant on Civil and Political Rights;
- 1966 International Covenant on Economic, Social and Cultural Rights;
- 1979 UN Code of Conduct for Law Enforcement Officials;
- 1979 Convention on the Elimination of all forms of Discrimination Against Women;
- 1989 Convention on the Rights of the Child, and its Optional Protocol on the sale of chil-

dren, child prostitution and child pornography;

- 1997 Convention on the Prohibition of the Use, Stockpiling, and Transfer of Anti-Personnel Mines and on their Destruction (The Mine Ban Treaty);
- 1998 Rome Statute of the International Criminal Court;
- 1998 UN Guiding Principles on Internal Displacement;
- 2006 Convention on the Rights of Persons with Disabilities.

Memoranda involving Bangladesh and Myanmar discussed in this Note:

- 28 April 1992 Joint Statement between Bangladesh and Myanmar;
- 5 May 1993 Memorandum of Understanding between Bangladesh and the UNHCR;
- 5 November 1993 Memorandum of Understanding between Myanmar and UNHCR;
- 11 November 1993 UNHCR Memorandum on Repatriation;
- 14 January 2000 Bilateral Agreement (or agreements) between Bangladesh and Myanmar.

Endnote

1. Frontier Magazine, "President's Office designates northern Rakhine a 'military operations area," 4 September 2017.
2. The post was cited on 27 October 2017, at this address: https://www.facebook.com/MOIWebportalMyanmar/posts/1345425728918623
3. See: Melissa Crouch, "The Everyday Emergency: Between the Constitution and the Code of Criminal Procedure in Myanmar," in Andrew Harding and Khin Khin Oo (eds), Constitutionalism and Legal Change in Myanmar Bloomsbury Publishing, 2017).
4. This typology has been elucidated by Melissa Crouch, ibid.
5. The Irrawaddy, "Army Defends Kachin State Clearance Operations," 15 August 2017.
6. See: International Crisis Group, "Myanmar: A New Muslim Insurgency in Rakhine State," Asia Report N°283, 15 December 2016, pp. 7.
7. See: International Commission of Jurists, "Myanmar: proposed Rakhine 'civilian police force' a recipe for disaster," 4 November 2016.
8. See: International Crisis Group, "Myanmar: A New Muslim Insurgency in Rakhine State," Asia Report N°283, 15 December 2016, pp. 8.
9. UN Special Advisers on the Prevention of Genocide and on the Responsibility to Protect, "Framework of Analysis for Atrocity Crimes: a tool for prevention," 2014, pp. 18-19.
10. For example, see: UN Office of the High Commissioner for Human Rights, "Report of OHCHR mission to Bangladesh: Interviews with Rohingyas fleeing from Myanmar since 9 October 2016," 3 February 2017. UNOHCHR, "Mission report of OHCHR rapid response mission to Cox's Bazar, Bangladesh, 13-24 September 2017," October 2017.
11. Nikkei Asian Review, "Tensions over Rohingya return highlight donor dilemmas," 27 October 2017.

Commission Members

July 2017 (for an updated list, please visit www.icj.org/commission)

Acting President:
Prof. Robert Goldman, United States

Vice-President:
Justice Michèle Rivet, Canada

Executive Committee:
Prof. Carlos Ayala, Venezuela
Justice Azhar Cachalia, South Africa
Prof. Andrew Clapham, UK
Justice Radmila Dragicevic-Dicic, Serbia
Ms Imrana Jalal, Fiji
Ms Hina Jilani, Pakistan
Mr Belisário dos Santos Júnior, Brazil

Other Commission Members:
Professor Kyong-Wahn Ahn, Republic of Korea
Justice Adolfo Azcuna, Philippines
Mr Muhannad Al-Hasani, Syria
Mr Abdelaziz Benzakour, Morocco
Justice Ian Binnie, Canada
Sir Nicolas Bratza, UK
Mr Reed Brody, United States
Prof. Miguel Carbonell, Mexico
Justice Moses Chinhengo, Zimbabwe
Ms Roberta Clarke, Barbados-Canada
Justice Elisabeth Evatt, Australia
Mr Roberto Garretón, Chile
Prof. Jenny E. Goldschmidt, Netherlands
Prof. Michelo Hansungule, Zambia
Ms Gulnora Ishankanova, Uzbekistan
Mr. Shawan Jabarin, Palestine
Justice Kalthoum Kennou, Tunisia
Prof. David Kretzmer, Israel
Prof. César Landa, Peru
Justice Ketil Lund, Norway
Justice Qinisile Mabuza, Swaziland
Justice José Antonio Martín Pallín, Spain
Prof. Juan Méndez, Argentina
Justice Charles Mkandawire, Malawi
Mr Kathurima M'Inoti, Kenya
Justice Yvonne Mokgoro, South Africa
Justice Sanji Monageng, Botswana
Justice Tamara Morschakova, Russia
Justice Egbert Myjer, Netherlands
Justice John Lawrence O'Meally, Australia
Justice Fatsah Ouguergouz, Algeria
Dr Jarna Petman, Finland
Prof. Mónica Pinto, Argentina
Prof. Victor Rodriguez Rescia, Costa Rica
Mr Alejandro Salinas Rivera, Chile
Prof. Marco Sassoli, Italy-Switzerland
Justice Ajit Prakash Shah, India
Justice Kalyan Shrestha, Nepal
Mr Raji Sourani, Palestine
Justice Philippe Texier, France
Justice Stefan Trechsel, Switzerland
Prof. Rodrigo Uprimny Yepes, Colombia

International
Commission
of Jurists

P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland

t +41 22 979 38 00
f +41 22 979 38 01
www.icj.org